

PROVEN
GROUP OF COMPANIES

# နှစ်ပတ်လည်အစီရင်ခံစာ

၂၀၂၃ ဧပြီလ - ၂၀၂၄ မတ်လ

PROVEN GROUP OF COMPANIES | PROVEN DISTRIBUTION | PROVEN TECHNOLOGY INDUSTRY | PROVEN POLYWORLD | PROVEN INTERNATIONAL | YANGON METAL INDUSTRY | PROVEN AUTO

www.proven.com.mm

# Proven Group of Companies နှစ်ပတ်လည် အစီရင်ခံစာ

Proven Group of Companies နှစ်ပတ်လည် အစီရင်ခံစာသည် ၂၀၂၃ ဧပြီလမှ ၂၀၂၄ မတ်လအထိ Group of Companies ဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် အစုရှယ်ယာရှင်များ၊ သက်ဆိုင်ရာ ပတ်သက်ဆက်နွယ်နေသူများ (Stakeholders)အား သိရှိနိုင်ရန် တင်ပြအစီရင်ခံထားပါသည်။

ယခု နှစ်ပတ်လည်အစီရင်ခံစာသည် Proven Group of Companies၏ လုပ်ငန်းအဝန်းအဝိုင်း၊ စီမံအုပ်ချုပ်မှု၊ လုပ်ငန်း သဘာဝအရ လိုက်နာကျင့်သုံး တင်ပြရမည့် နိုင်ငံတကာ သတ်မှတ် စံချိန်စံနှုန်းများ အထူးသဖြင့် AA1000 ၊ GRI SDGs နှင့် Integrated Reporting များနှင့် အညီ လိုက်နာရေးသား တင်ပြထားပါသည်။



# မာတိကာ

ဥက္ကဋ္ဌ၏ဥယျောဇဉ်

အထင်ကရ ဆောင်ရွက်နိုင်ခဲ့မှုများ

Corporate Profile

အခန်း(၁)

Proven Group of Companies

- ၁.၁ သမိုင်းအကျဉ်းချုပ်
  - ၁.၁.၁ ဖွဲ့စည်းပုံ
  - ၁.၁.၂ Business Model
  - ၁.၁.၃ မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ ခံယူထား သည့်တန်ဖိုး သတ်မှတ်ချက်များ နှင့် ကတိကဝတ်
  - ၁.၁.၄ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်များ နှင့် ဆုတံဆိပ်များ
  - ၁.၁.၅ အနာဂတ် အစီအစဉ်များ
- ၁.၂ လုပ်ငန်း အဝန်းအဝိုင်း
  - ၁.၂.၁ Proven Group of Companies Ltd
  - ၁.၂.၂ Proven Technology Industry Co.,Ltd
  - ၁.၂.၃ Proven Distribution Co., Ltd
  - ၁.၂.၄ Proven PolyWorld Co., Ltd
  - ၁.၂.၅ Proven International Co., Ltd
  - ၁.၂.၆ Yangon Metal Industry Co., Ltd
  - ၁.၂.၇ Proven Auto Co., Ltd
- ၁.၃ ဝင်ငွေ ရရှိမှု
  - ၁.၃.၁ ဝင်ငွေ
  - ၁.၃.၂ Company's Capital and Debt Structure
- ၁.၄ ပိုင်ဆိုင်မှု
- ၁.၅ Covid-19 နှင့် အလားတူ ကူးစက်ရောဂါများဆိုင်ရာ ဆောင်ရွက်ချက်များ
- ၁.၆ စိန်ခေါ်မှုများအပေါ် တုန့်ပြန်ဆောင်ရွက်ခြင်း

# မာတိကာ


၁.၇ လတ်တလော တိုးတက်ဖြစ်ထွန်းမှုများ

၁.၇.၁ IATF Audit

၁.၇.၂ စက်ရုံအမှတ် (၃)နှင့် မော်လမြိုင် အရောင်းစင်တာ တည်ဆောက်နေမှု

၁.၇.၃ စက်ရုံတိုးချဲ့ခြင်း

၁.၇.၄ Proven International Co., Ltd ၏ ၁၀နှစ်ပြည့် အစီရင်ခံစာ

၁.၇.၅ Proven Distribution Co., Ltd ရုံးခန်းနေရာ ပြောင်းလဲ ဖွင့်လှစ်ခြင်း

၁.၇.၆ Proven Group of Companies Ltd အနာဂတ် ရုံးနေရာ သတ်မှတ်ခြင်း

၁.၈ အနာဂတ် အစီအစဉ်များ

Corporate Governance

အခန်း(၂)

ခေါင်းဆောင်မှုနှင့် စီမံအုပ်ချုပ်မှု

၂.၁ CEO ၏ အမှာစကား

၂.၂ ဒါရိုက်တာ အဖွဲ့

၂.၂.၁ ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းပုံ

၂.၂.၂ ဒါရိုက်တာအဖွဲ့

၂.၂.၃ ဒါရိုက်တာများ လေ့ကျင့်ပျိုးထောင်မှု အစီအစဉ်

၂.၂.၄ ဒါရိုက်တာအဖွဲ့ အစည်းအဝေးကျင်းပမှု

၂.၂.၅ နှစ်ပတ်လည် စုံညီအစည်းအဝေးကျင်းပမှု

၂.၃ စီမံခန့်ခွဲမှု အဖွဲ့

၂.၄ ဒါရိုက်တာအဖွဲ့၏ ကော်မတီများ

၂.၄.၁ အမည်စာရင်း တင်သွင်းရေးနှင့် အခကြေးငွေ သတ်မှတ်ရေးကော်မတီ

၂.၄.၂ စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှု ကော်မတီ

၂.၄.၃ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှု ကော်မတီ

၂.၄.၄ စီးပွားရေး စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကော်မတီ

# မာတိကာ

Corporate Social Responsibility

အခန်း (၃)

ကော်ပိုရိတ် လူမှုတာဝန်

၃.၁ Proven Group of Companies ၏ ကော်ပိုရိတ် လူမှုတာဝန်(CSR)

၃.၂ ကော်ပိုရိတ် လူမှုတာဝန် လုပ်ငန်းများ

Sustainability

ရေရှည်တည်တံ့ခိုင်မြဲမှု

အခန်း (၄)

၄.၁ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ မဟာဗျူဟာ

၄.၂ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ (Environment)

၄.၂.၁ ဖန်လုံအိမ် ဓါတ်ငွေ့ (Green House Gas) ထုတ်လွှတ်မှု

၄.၂.၂ စွမ်းအင် သုံးစွဲမှု

၄.၂.၃ စွန့်ပစ် ပစ္စည်း စီမံခန့်ခွဲမှုနှင့် ဓါတု ပစ္စည်းများ ယိုဖိတ်မှု

၄.၂.၄ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် လေထု အရည်အသွေးနှင့် စွန့်ထွက်ရေ စီမံခန့်ခွဲမှု

၄.၂.၅ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ (Environment) ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင် နှင့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ထားမှု အခြေအနေ

၄.၃ လူမှုရေးဆိုင်ရာ (Social)

၄.၃.၁ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး

၄.၃.၂ အလုပ်သမား အခွင့်အရေးများ

(က) လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခြင်း

(ခ) ကလေး အလုပ်သမား

(ဂ) အဓမ္မခိုင်းစေမှု

(ဃ) အလုပ်ချိန်၊ အချိန်ပို၊ လုပ်ခလစာ

၄.၃.၃ လူ့စွမ်းအား ရင်းမြစ်

၄.၃.၃.၁ Employee Engagement Survey ကောက်ယူခြင်း

၄.၃.၄ လူမှု ကာကွယ်စောင့်ရှောက်မှု (Social Protection)

၄.၃.၅ လူမှုရေး (Social) ဆိုင်ရာ ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင် နှင့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ထားမှု အခြေအနေ

# မာတိကာ

၄.၄ စီမံ အုပ်ချုပ်မှု (Governance)

၄.၄.၁ လုပ်ငန်းခွင်ကျင့်ဝတ် (Code of Conduct)

၄.၄.၂ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ စီမံခန့်ခွဲမှု နှင့် ထိန်းချုပ်မှု ဆိုင်ရာ လုပ်ဆောင်မှုများ (Risk Management and Internal Control)

၄.၄.၂.၁ Corporate Risk Management (CRM)

၄.၄.၃ တိုင်ကြားမှု လက်ခံ စိစစ်ဖြေရှင်းရေး ယန္တရား

၄.၄.၄ ဘဏ္ဍာရေး

၄.၄.၅ အကျိုးစီးပွားဆိုင်ရာ သက်ဆိုင်သူများနှင့် ချိတ်ဆက်မှု

၄.၄.၆ စီမံအုပ်ချုပ်မှု (Governance) ဆိုင်ရာ ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင် နှင့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ထားမှု အခြေအနေ

အခန်း(၅)

ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ



ဥက္ကဋ္ဌ၏ ဥယျောဇဉ်

လေးစားအပ်ပါသော အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် လုပ်ငန်းဆက်နွယ်သူ အားလုံးတို့အား ကိုယ်စိတ်နှစ်ပါးချမ်းသာရွှင်လန်းကြပါစေကြောင်း ပဏာမနှုတ်ခွန်းဆက်သအပ်ပါသည်။

ကျွန်တော်တို့ရဲ့ Proven အုပ်စုဟာ (၂၈)နှစ် လွန်မြောက်တဲ့ကာလမှာ သမိုင်းမှတ်တိုင် ကောင်းတစ်ခုကို ခိုင်ခိုင်မာမာ ထူထောင်ပြီးဖြစ်ပါတယ်။ Toyo Battery၊ Lion Battery ဟာဆိုရင် ပြည်သူအများစုက ကျေနပ်ဝမ်းသာ လက်ခံဝယ်ယူသုံး စွဲနေတဲ့ အမှတ်တံဆိပ်ကောင်းတစ်ခုဖြစ်နေပါပြီ။ ဒီလိုဖြစ်ထွန်းလာဖို့အတွက် ဒါရိုက်တာအဖွဲ့ စီမံခန့်ခွဲမှု အဖွဲ့နှင့်တကွ ဝန်ထမ်းများ အားလုံးက စိတ်ရောကိုယ်ပါ နှစ်မြှုပ်ပြီး လက်တွဲကြိုးပမ်းခဲ့လို့ရတဲ့ အသီးအပွင့်ပဲ ဖြစ်ပါတယ်။

ထူးခြားမှုအနေနဲ့က Covid 19 အခက်အခဲ၊ ဘဏ္ဍာရေးပေါ်လစီပြောင်းလဲမှုနဲ့ စိန်ခေါ်မှုများကို အခြေအနေအရပ်ရပ်အပေါ်မှာ မှန်ကန်စွာသုံးသပ်ခဲ့ပြီး အချိန်နဲ့ တစ်ပြေးညီ ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ကြသည့်အတွက် ရလာဒ်ကောင်းများ ရရှိခဲ့ခြင်း ဖြစ်ပါတယ်။

ကော်ပိုရိတ်စီမံခန့်ခွဲမှု စနစ်တစ်ခုမှာ တည်ကြည်ခိုင်မြဲခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း၊ သဘာဝ ပတ်ဝန်းကျင်ထိခိုက်နစ်နာမှုအနည်းဆုံးဖြစ်အောင် ကြိုးပမ်းခြင်းတို့ လူမှု ထောက်ပံ့မှုများပြုခြင်းတို့ဟာ အဓိကကျပါတယ်၊ ထို့ကြောင့် Proven Group ဟာ အဆိုပါစနစ်ကို၊ အကြံပေးပုဂ္ဂိုလ်များရဲ့ အကူအညီယူပြီးတော့ တစ်နှစ်ပြီးတစ်နှစ် ပြည့်စုံအောင် ထူထောင်ဆောင်ရွက်ခဲ့တာ စီမံခန့်ခွဲသူများရဲ့ ပါဝင်ကြိုးပမ်းအားထုတ်မှုကြောင့် မြန်မာနိုင်ငံစီးပွားရေး လုပ်ငန်းများဆိုင်ရာ ပွင့်လင်းမြင်သာမှု သတ္တမအကြိမ်မြောက် ပွင့်သစ်စအစီရင်ခံစာတွင် ကုမ္ပဏီအဆင့်သတ်မှတ်ချက် အဆင့် (၁၃) နေရာတွင် ရပ်တည်နိုင်ခဲ့ပြီဖြစ်ပါသည်။

ထို့အပြင် လုပ်ငန်းစုချဲ့ထွင်တဲ့အနေနဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် စက်ရုံအမှတ်(၃)ကို စတင် တည်ဆောက်လျက်ရှိတာမှာ လာမည့် (၃)နှစ်အတွင်း ထုတ်လုပ်မှု၊ ရောင်းချမှုများ တိုးတက်လာမှာကိုလည်း သိရှိရပါတယ်။

အချုပ်အားဖြင့် အစုရှယ်ယာရှင်များနှင့်တကွ ဝယ်ယူအားပေးသူ မိတ်ဖက်များအပေါင်း ကျန်းမာရွှင်လန်းကြပါစေကြောင်းနဲ့ ဒါရိုက်တာအဖွဲ့က ယခုထက် ပို၍ကြိုးပမ်းအားထုတ်မည်ဖြစ်ပါကြောင်း ကတိပြုအပ်ပါတယ် ခင်ဗျား ။

လေးစားစွာဖြင့်

ထွန်းမြင့်
ဥက္ကဋ္ဌ


# ၂၀၂၃-၂၀၂၄ နှစ်အတွင်း  အထင်ကရ ဆောင်ရွက်နိုင်ခဲ့မှုများ

## Ground-Breaking Ceremony for New Factory (Plant-3)



၂၆-၁၁-၂၀၂၃ ရက်နေ့တွင် Proven Group of Companies ၏ တတိယ မြောက် နှင့် အကြီးဆုံးဖြစ်လာမည့် စက်ရုံသစ်တည်ဆောက်ရေး ပန္နက်တင် အခန်း အနားအား မြောင်းတကာ စက်မှုဇုန်တွင် ကျင်းပခဲ့ခြင်း

## Merchant Application




ဈေးကွက်အတွင်း ဝယ်ယူသူများအတွက် လွယ်ကူ လျှင်မြန်စွာ ဝယ်ယူနိုင်ရေး Merchant Application ကို စတင်သုံးစွဲရောင်းချခြင်း

## Management Retreat



၂၀.၅.၂၀၂၃ ရက်နေ့မှ ၂၂.၅.၂၀၂၃ ရက်နေ့အထိ Management Retreat အဖြစ် ငွေဆောင် Hotel RIA ကျင်းပပြုလုပ်ခဲ့ခြင်း

## World Environment Day



၅.၆.၂၀၂၃ ကမ္ဘာ့ပတ်ဝန်းကျင်နေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်း အခမ်းအနားအား ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အ.မ.က (၂၄) တွင် ကျင်းပပြုလုပ်ခဲ့ခြင်း

## CSR Steering Committee



၁.၁၂.၂၀၂၃ ရက်နေ့တွင် Proven Group of Companies နှင့် ညီနောင် ကုမ္ပဏီများ၏ လူမှုတာဝန်များ ပူးပေါင်းဆောင်ရွက်နိုင်ရန် Proven Group၊CSR Steering Committee ကို ဖွဲ့စည်းခဲ့ခြင်း

## Mass Blood Donation Campaign



၁.၃.၂၀၂၄ ရက်နေ့တွင် Proven Group of Companies နှင့် ညီနောင် ကုမ္ပဏီများ ဖြစ်သည့် Proven Distribution Co., Ltd ၊ Proven Technology Industry Co., Ltd ၊ Proven  PolyWorld Co., Ltd၊ Proven International Co., Ltd နှင့် Yangon Metal Industry Co., Ltd တို့ စုပေါင်း၍ အမျိုးသားသွေးလှူဘဏ်၌ စုပေါင်းသွေး လှူဒါန်းပွဲ ကျင်းပပြုလုပ်ခြင်း

# အခန်း(၁)
# PROVEN GROUP OF COMPANIES



# ၁.၁ သမိုင်းအကျဉ်းချုပ်


Proven Group of Companies သည် မော်တော်ကားနှင့် ဆိုင်ကယ်သုံး၊ လုပ်ငန်းသုံး၊ အထူးသုံး နေရာများအတွက် TOYO နှင့် LION အမှတ်တံဆိပ် ခဲအက်ဆစ်ဘက်ထရီများ၊ ဘက်ထရီ လုပ်ငန်းသုံးခဲများ ပြန်လည် သန့်စင်ထုတ်လုပ်ခြင်း လုပ်ငန်း၊ Plastic Injection လုပ်ငန်း၊ Lubricants၊ Grease၊ Coolants၊ Automotive Parts နှင့် Accessories များ ၊ ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်( Renewable Energy) ဆိုင်ရာ Solar Panel များ နှင့် Solar Inverter များ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း နှင့် တပ်ဆင်ခြင်းများကို လုပ်ကိုင်နေသည့်ကုမ္ပဏီအစုအဖွဲ့တစ်ခု ဖြစ်ပါသည်။ ၁၉၉၆ ခုနှစ်တွင်PROVEN သည် ဘက်ထရီ ထုတ်လုပ်ခြင်းဖြင့် လုပ်ငန်းစတင်ခဲ့ရာမှ အဆိုပါ ဘက်ထရီထုတ်လုပ်ခြင်း လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ၊ ဖြန့်ဖြူး ရေး လုပ်ငန်းများကိုပါ ဆက်လက်တိုးချဲ့ လုပ်ကိုင်ခဲ့ပါသည်။

Proven Group of Companies သည် နိုင်ငံတကာ အရည်အသွေးမီ ထုတ်ကုန်အဆင့်အတန်းနှင့် ဆောင်ရွက်ပုံများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေး စီမံခန့်ခွဲမှုစနစ် ISO:45001 ၊ သဘာဝပတ်ဝန်း ကျင် စီမံခန့်ခွဲရေး ISO:14001 နှင့် နိုင်ငံတကာ မော်တော်ယာဉ် လုပ်ငန်းအဖွဲ့ (IATF) ဆိုင်ရာ သတ်မှတ်ချက်များ အတိုင်း လိုက်နာလုပ်ဆောင်နေပြီး ၂၀၂၄ခုနှစ်၊ဧပြီလတွင် IATF Certified Battery Manufacturer တစ်ဦး ဖြစ်လာတော့မည်ဖြစ်ပါသည်။ ဓာတုပစ္စည်းများဘေးကင်းစွာ စီမံဆောင်ရွက်နိုင်ရေးစဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေး၊ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် လုံခြုံရေးဆိုင်ရာ အကောင်းမွန်ဆုံး ဆောင်ရွက်ချက်များ ဖြစ်ပေါ်လာစေရေး လှုပ်ရှားမှုတစ်ခုဖြစ်သော Responsible Care ဆောင်ရွက်ချက်များကိုလည်း လုပ်ဆောင်လျှက်ရှိပါသည်။

Proven Group of Companies သည် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA)တို့၏အဖွဲ့ဝင်တစ်ဦး ဖြစ်သည့်အပြင် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်း ရေးနှင့် ကျန်းမာရေး၊ သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးဆိုင်ရာ ဓာတုပစ္စည်းများထုတ်လုပ်သည့် လုပ်ငန်းများ၏ လှုပ်ရှားမှုတစ်ခုဖြစ်သည့် Responsible Care အသင်းဝင်တစ်ဦးလည်း ဖြစ်ပါသည်။ ထို့အပြင် Myanmar Sustainability Buinsess Network နှင့် Business Integrity ဆိုင်ရာ Yever အဖွဲ့၏ Advisory Panel တို့တွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ပေးလျက် ရှိပါသည်။


## ၁.၁.၁ ဖွဲ့စည်းပုံ

စွမ်းအင်သိုလှောင်မှုကဏ္ဍတွင် ဦးဆောင်သူအဖြစ်ရှိနေမှုအားဆက်လက် ရယူထားနိုင်စေရေး၊ စဉ်ဆက်မပြတ်ပြောင်းလဲနေသည့် အခြေအနေများ၊ စိန်ခေါ်မှုများအား မှန်ကန်ထိရောက်စွာ တုံ့ပြန်ဖြေရှင်းနိုင် စေရန်၊ အရှည်တည်တံ့ဖွံ့ဖြိုးမှုနှင့် ဟန်ချက်ညီစေရန် Proven Group of Companies အား အောက်ပါအတိုင်းဖွဲ့စည်းထားပါသည်-



## ၁.၁.၂ Business Model

Proven Group of Companies သည် အသုံးပြုပြီးသည့် ခဲများအား ပြန်လည်သန့်စင်ခြင်း၊ ခဲအက်စစ်ဘက်ထရီထုတ်လုပ်ဖြန့်ဖြူးခြင်း၊ Plastic Injection လုပ်ငန်း၊ Lubricants၊ Grease၊ Coolants၊ Automotive Parts နှင့် Accessories များ တင်သွင်းခြင်း၊ ဆိုလာစနစ်ဆိုင်ရာ လုပ်ငန်းများကို လုပ်ဆောင်နေသည့် ကုမ္ပဏီအဖွဲ့စုတစ်ရပ်ဖြစ်၍ Group ၏ Business Model အနေဖြင့် အောက်ပါအတိုင်း တည်ရှိနေပါသည်-



## ၁.၁.၃ မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ ခံယူထား သည့်တန်ဖိုး သတ်မှတ်ချက်များ နှင့် ကတိကဝတ်

၂၀၂၃ ခုနှစ်အတွက် ကျင်းပခဲ့သည့် Board of Director အစည်းအဝေးတွင် Proven Group of Companies မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ ခံယူထားသည့် တန်ဖိုးသတ်မှတ်ချက်များနှင့် ကတိကဝတ်နှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြပြီး ၂၀၂၅ခုနှစ် အထိ အောက်ပါအတိုင်း ဆက်လက် ကျင့်သုံးသွားရန် ဆုံးဖြတ် သတ်မှတ်ခဲ့ပါသည်-

### မျှော်မှန်းချက် (Our Vision)

မြန်မာနိုင်ငံ ခဲအက်ဆစ် ဘက်ထရီထုတ်လုပ်ခြင်း၊ ဖြန့်ချီခြင်းနှင့် ပတ်သက်သည့်ကဏ္ဍတွင် ဦးဆောင်သူအဖြစ် ရှိနေမှုအား ထိန်းသိမ်းထားရန်၊

မြန်မာနိုင်ငံရှိ မော်တော်ယာဉ်တပ်ဆင်ခြင်းနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ပေးရန်နှင့် ဒေသတွင်းအဆင့် အသိအမှတ်ပြု မြန်မာကုန်အမှတ် တံဆိပ်အဖြစ် ဖြစ်လာစေရန်။

### ရည်ရွယ်ချက် (Our Mission)

အောင်မြင်မှုအတွက် အဖြေရှာခြင်းဖြင့် သုံးစွဲသူများ၏ စိတ်ကျေနပ်မှုနှင့် အရည်အသွေး စဉ်ဆက်မပြတ် တိုးတက်စေခြင်း၊

မြန်မာနိုင်ငံ၏ မော်တော်ယာဉ်နှင့် ယာဉ်သုံးဘက်ထ္ထရီ ဈေးကွက်တွင် နံပါတ်တစ် အမှတ်တံဆိပ် ဖြစ်လာစေရန် ၊

ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့မှုများ မြှင့်တင်၍ ပြည်တွင်းဈေးကွက် ဦးဆောင်သူ ဖြစ်လာစေရန်၊

စွမ်းအင်သိုလှောင်မှုနှင့်ပတ်သက်သည့် ကုန်ပစ္စည်းနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုပေးသော Group of Companies ဖြစ်လာစေရန်။

### ခံယူထားသည့် တန်ဖိုးသတ်မှတ်ချက်များ (Our Values) ရလာဒ်ကောင်းများကို ဖော်ဆောင်ရန်၊

| | | | |
|---|---|---|---|
| P | - | Professional | အရည်အသွေးပြည့်ဝစွာဖြင့်ဆောင်ရွက်ပြီး တာဝန်ယူမှု တာဝန်ခံမှု အပြည့်အဝရှိသည့် လုပ်ငန်းစုတစ်ရပ် အဖြစ်ရပ်တည်ရန်၊ |
| R | - | Reliability | အများပြည်သူ၏ ယုံကြည်စိတ်ချမှုကိုခံယူနိုင်သည့် လုပ်ငန်းစုတစ်ရပ် ဖြစ်ပေါ်လာစေရန်၊ |
| O | - | Open Minded | အကြံဉာဏ်သစ်များနှင့် ဆန်းသစ်တီထွင်မှုများကို အစဉ်အမြဲ ဖော်ဆောင်ရန်၊ |
| V | - | Value Creation | အရောင်းကိုယ်စားလှယ်ကြီးများ၊ လုပ်ဖော်ကိုင်ဖက် ညီအကို မောင်နှမများ၊ အစုရှယ်ယာရှင်များနှင့် ပူးပေါင်းပြီး လုပ်ငန်းအသီးသီးမှတဆင့် တစ်ဦးကိုတစ်ဦး အကျိုးပြုသည့် ရလာဒ်ကောင်းများကို ဖော်ဆောင်ရန်၊ |
| E | - | Embrace Change | ကောင်းမွန်သော ပြောင်းလဲမှုများကို အစဉ်အမြဲ ပံ့ပိုးပြီး ခွန်အားများ ပေးရန်၊ |
| N | - | Novelty and Innovation | တီထွင်ကြံဆမှုမှတဆင့် လူမှုအသိုင်းအဝိုင်းကို အကျိုးပြုသည့် ဆောင်ရွက်ချက်များကို ဆောင်ရွက်ရန်။ |

## ကတိကဝတ် (Our Commitment)

Proven Group of Companies သည် လေးစားတန်ဖိုးထားရသော သုံးစွဲသူများအတွက် အရည်အသွေးမြင့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများပေးရန် အစဉ်အလေးထားပါသည်။

Proven Group of Companies ၏ ကုန်ပစ္စည်းအရည်အသွေး အပေါ်အာမခံအပြည့်ပေးခြင်းနှင့် မြန်မာနိုင်ငံ၏တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၊ အဓိက မြို့ကြီးများတွင်လည်း ဘက်ထရီဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

## ၁.၁.၄ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်များ နှင့် ဆုတံဆိပ်များ

Proven Group of Companies ၏ သက်ဆိုင်ရာ စက်ရုံများ၊ ကုမ္ပဏီများသည် အရည်အသွေးပိုင်းဆိုင်ရာ ISO 9001:2015 ၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ISO 14001:2015 နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ISO 45001:2018 လက်မှတ်များ ရယူထားပြီး နှစ်စဉ် သတ်မှတ်ချက်များနှင့် အညီ လုပ်ဆောင်နေမှုများအပေါ် external auditor များ ၏ online နှင့် on site စစ်ဆေးမှုခံယူကာ သက်တမ်း ရှိနေအောင် ဆောင်ရွက်ထားပါသည်။

ထို့အပြင် နိုင်ငံတကာ မော်တော်ယဉ် လုပ်ငန်းအဖွဲ့ (IATF) ဆိုင်ရာ သတ်မှတ်ချက်များအတိုင်း လိုက်နာလုပ်ဆောင်နေပြီး ၂၀၂၄ခုနှစ်၊ ဧပြီလတွင် IATF Certified Battery Manufacturing Company ဖြစ်လာမည် ဖြစ်ပါသည်။

လုပ်ငန်းခွင် ဘေးအန္တရယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် ၂၀၁၆ခုနှစ်တွင် အာဆီယံဒေသအတွင်း ဆုဖြစ်သည့် ASEAN-OSHNET BEST PRACTICES AWARD ကို Proven Group of Companies ၏ ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Proven Techonology Industry ကုမ္ပဏီကရရှိထားခဲ့ပါသည်။



ISO 14001:2015 EMS Certificate



ISO 45001:2018 OSH Certificate



ISO 9001:2015 QMS Certificate


ASEAN - OSHNET Best Practies Award 2016

## ၁.၁.၅ အနာဂတ် အစီအစဉ်များ

Proven Group of Companies အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အောက်ပါရည်မှန်းချက်များ ချမှတ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

**(က) ကာလတို**

(၁) ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများအရ သွားလာရခက်ခဲသည့်နေရာများနှင့် ခရီးသွားခြင်းဆိုင်ရာ ကန့်သတ်ချက်မြင့်မားသည့် နေရာများတွင် ဝန်ဆောင်မှုများ ပြတ်တောက်မသွားစေရေး အဓိကကျသော မြို့ကြီးများတွင် ဒေသဆိုင်ရာ အရောင်း နှင့် ဝန်ဆောင်မှု Center များ ထပ်မံ ဖွင့်လှစ်ခြင်း၊ ကုန်ပစ္စည်းများ ပို့ဆောင်ခြင်းအတွက် ကုန်ပစ္စည်းပို့ဆောင်ရေး လုပ်ငန်းများသို့ အပ်နှံခြင်း၊ Battery Service ဝန်ဆောင်မှုများပေးရန် Authorized Service ဆိုင်များ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်သည်။

(၂) ဆုံးရှုံးနိုင်ခြေ အန္တရာယ်များ (Risk) ဖြစ်ပေါ်လျက်ရှိသည့် ဈေးကွက် ယှဉ်ပြိုင်မှု (Market) အပိုင်းတွင် စီမံခန့်ခွဲအပိုင်းမှ အမြဲတစေ စောင့်ကြပ်ကြည့်ရှု၍ သင့်လျော်ရာ နည်းလမ်းများဖြင့် အချိန်မီ ပြုပြင် ဆောင်ရွက်ရန် လုပ်ဆောင်သွားမည် ဖြစ်သည်။

(၃) သဘာဝ နှင့် လူကြောင့်ဖြစ်ပေါ်သည့် အန္တရာယ်များ ကျရောက်ခြင်းကြောင့် ဝန်ထမ်းများအပေါ် သက်ရောက်မှု အနည်းဆုံးဖြစ်စေရေး လိုအပ်သည့် ပြင်ဆင်မှုများ ဆက်လက်လုပ်ဆောင်သွားမည်။

(၄) နှစ်စဉ်ကုမ္ပဏီ၏ ရှယ်ယာတန်ဖိုး တိုင်းတာ၍ စနစ်ကျသော တန်ဖိုးတွက်ချက်မှုများကိုပါ ဆောင်ရွက်ပြီး ဒါရိုက်တာအဖွဲ့သို့ တင်ပြသွားမည်။

**(ခ ) ကာလရှည်**

(၁) Proven Group of Companies ၏ထုတ်ကုန်ပစ္စည်းများကိုပြည်ပနိုင်ငံများသို့ ရောင်းချနိုင်ရန် ဈေးကွက်ချဲ့ထွင်ခြင်းနှင့်အတူ ပြည်ပ နိုင်ငံမှတင်သွင်းသည့် ကုန်ချော၊ ကုန်ကြမ်း ပစ္စည်းများအဆက် မပြတ်ရရှိနေစေရေး အထူးဂရုပြု ဆောင်ရွက်သွားမည်။

(၂) ငွေကြေးစီမံခန့်ခွဲမှု နှင့် စာရင်းကဏ္ဍများတွင် Consolidated Reporting System အား အသုံးပြု သွားမည်။

(၃) ညီနောင်ကုမ္ပဏီများအားလုံးတွင် အရည်အသွေးညီမျှသော အုပ်ချုပ်မှုစနစ်နှင့် အရည်အသွေး ပြည့်ဝလာစေရန် ၊ အနာဂတ်ခေါင်းဆောင်များ ဖြစ်ပေါ်လာစေရန် Learning and Development Center ကို ဖွဲ့စည်းတည်ဆောက်ပြီး လိုအပ်သည့် သင်တန်းများ ဖွင့်လှစ်ပေးသွားမည်။

## ၁.၁.၅ အနာဂတ် အစီအစဉ်များ


**(ခ ) ကာလရှည်**

(၄) သင့်လျော်သော ကျွမ်းကျင်ပညာရှင်များအား ကုမ္ပဏီအသီးသီးတွင် အလယ်အလတ် (Mid – Level Management) နှင့် အထက် အုပ်ချုပ်မှုနေရာများတွင် ခန့်အပ် သွားရန် ဆောင်ရွက်သွားမည်။

(၅) ကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာ အသစ်များရှာဖွေအသုံးပြုခြင်း၊ ခေတ်မှီပြီး ကုန်ထုတ်လုပ်မှု မြင့်တင်ခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေမည့် စက်ပစ္စည်းအသစ်များ ဝယ်ယူဖြည့်ဆည်းခြင်းများ ဆောင်ရွက်သွားမည်။

(၆) Corporate စီမံခန့်ခွဲမှုစနစ် အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေး Corporate Culture တည်ထောင်ရေးအား အဆင့်လိုက် ဆောင်ရွက်သွားမည်။

(၇) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာများနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်နှင့် ရည်မှန်းချက်များအား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊



## ၁.၂ လုပ်ငန်း အဝန်းအဝိုင်း

Proven Group of Companies လုပ်ငန်းအဝန်းအဝိုင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

### ၁.၂.၁ Proven Group of Companies Ltd

Proven Group of Companies Ltd သည် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ Group CEO အဖြစ် ဦးသန်းထိုက်လွင်က တာဝန်ယူပြီး အုပ်စုကြီးနှင့် ညီနောင်ကုမ္ပဏီများအကြားတွင် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက် ပေးလျှက်ရှိပါသည်။ Proven Group of Companies Ltd ဆိုင်ရာ အချက်အလက်များအား www.proven.com.mm ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

### ၁.၂.၂ Proven Technology Industry Co., Ltd

Proven Technology Industry Co., Ltd သည် ရွှေပြည်သာမြို့နယ်၊ရန်ကုန်မြို့တွင်တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထိုက်လွင်က ဦးဆောင်စီမံခန့်ခွဲပြီး TOYO နှင့် LION အမှတ်တံဆိပ် ဘက်ထရီများ ထုတ်လုပ်ခြင်းကို လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါသည်။

Proven Technology Industry Co., Ltd ဆိုင်ရာ အချက်အလက်များအား Proven Technology Industry Co., Ltd | Proven Group Of Companies Ltd တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

### ၁.၂.၃ Proven Distribution Co., Ltd

Proven Distribution Co., Ltd သည် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထိုက်လွင်က ဦးဆောင်စီမံခန့်ခွဲပြီး Proven Technology Industry က ထုတ်လုပ်သည့် TOYO နှင့် LION အမှတ်တံဆိပ် ဘက်ထရီများ၊ Jinko အမှတ်တံဆိပ် Solar Pannel နှင့်ဆက်စပ်ပစ္စည်းများ၊ Huawei အမှတ်တံဆိပ် Inverter ကို မြန်မာတစ်နိုင်ငံလုံးသို့ တင်သွင်း ဖြန့်ဖြူး ရောင်းချ သည့် လုပ်ငန်းနှင့် စက်ရုံသုံး Solar Inverter နှင့် Lithium-ION Battery များတပ်ဆင်ခြင်း လုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။

Proven Distribution Co., Ltd ဆိုင်ရာ အချက်အလက်များအား Proven Distribution Co., Ltd. | Proven Group Of Companies Ltd တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

## ၁.၂.၄ Proven Polyworld Co., Ltd

Proven Polyworld Co., Ltd သည် ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးအေးကိုက ဦးဆောင်စီမံခန့်ခွဲပြီး ဘက်ထရီ အိုးများနှင့် ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်း ကို လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါသည်။

Proven Ployworld Co., Ltd ဆိုင်ရာ အချက်အလက်များအား Proven Polyworld | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

## ၁.၂.၅ Proven International Co., Ltd

Proven International Co., Ltd သည် မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့တွင်တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်သူစည်ကဦးဆောင် စီမံခန့်ခွဲပြီး STATE နှင့် AISIN အမှတ် တံဆိပ် အင်ဂျင်ဝိုင်၊ ဆိုင်ကယ်သုံး ADVICS အမှတ်တံဆိပ် Brake Parts အစ ရှိသည့် မော်တော်ယာဉ်သုံး ပစ္စည်းများနှင့် ယန္တယားများ၊ စိုက်ပျိုးရေး ယန္တယားများတွင် အသုံးပြုသည့် Belt ကြိုးများ၊ မော်တော် ဆိုင်ကယ်သုံး အပိုပစ္စည်းများ၊ 3M အမှတ်တံဆိပ် Auto Care ပစ္စည်းများကို တင်သွင်း ဖြန့်ဖြူး ရောင်းချသည့် လုပ်ငန်းကို ဆောင်ရွက်လျက် ရှိပါသည်။

Proven International Co., Ltd ဆိုင်ရာ အချက်အလက်များအား Proven International | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

## ၁.၂.၆ Yangon Metal Industry Co., Ltd

Yangon Metal Industry Co., Ltd သည် မြောင်းတကာ စက်မှုဇုံ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တွင် တည်ရှိပါသည်။ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင့်မျိုးနိုင်က ဦးဆောင်စီမံခန့်ခွဲပြီး ဘက်ထရီလုပ်ငန်းသုံး ခဲ ပြန်လည် သန့်စင် ထုတ်လုပ်သည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာ ဈေးကွက်သို့ ဖြန့်ချီလျက် ရှိပါသည်။

Yangon Metal Industry Co., Ltd ဆိုင်ရာ အချက်အလက်များအား Yangon Metal Industry Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

## ၁.၂.၇ Proven Auto Co., Ltd

Proven Auto Co., Ltd သည် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထိုက်လွင်က ဦးဆောင် စီမံခန့်ခွဲပြီး မော်တော်ယာဉ်နှင့် ဆက်စပ်သည့် တင်သွင်းဖြန့်ဖြူးခြင်း၊တဆင့် ပြန်လည် ရောင်းချခြင်း (Distribution) များ ဆောင်ရွက်ရန် ဖွဲ့စည်းထားပါသည်။


Proven Auto Co., Ltd ဆိုင်ရာ အချက်အလက်များအား Proven Auto Co., Ltd | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

## ၁.၃ ဝင်ငွေ ရရှိမှု


### ၁.၃.၁ ဝင်ငွေ

၂၀၂၃ ဧပြီလ မှ ၂၀၂၄ မတ်လအတွင်း Proven Group of Companies ၏ ဝင်ငွေရရှိမှုကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**Revenue Resource**




**Revenue Structure**




### ၁.၃.၂ Company's Capital and Debt Structure


ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ စုစုပေါင်းရပိုင်ခွင့် အနေအထားအပေါ် သုံးသပ်လျက် ထပ်မံရင်းနှီးမြှုပ်နှံမည့် စီမံကိန်း ချေးငွေများကို ချိန်ဆ ဆောင်ရွက်လျက်ရှိပါသည်။ ရင်းနှီးငွေနှင့် ချေးငွေအချိုး ဟန်ချက်ညီ ရှိနေစေရန် အတွက် ဘဏ္ဍာရေး ဆန်းစစ်မှု (Financial Analysis)များ ပြုလုပ်ပြီးနောက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှု ကော်မတီ (Business Development Committee) ၏ ထောက်ခံချက်ဖြင့် ဒါရိုက်တာအဖွဲ့က အသေးစိတ် ဆွေးနွေးပြီးမှသာလျှင် ဆောင်ရွက်လျက်ရှိပါသည်။

## ၁.၄ ပိုင်ဆိုင်မှု

၂၀၂၃ ဧပြီလ မှ ၂၀၂၄ မတ်လအတွင်း Proven Group of Companies ၏ ပိုင်ဆိုင်မှုကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | ရှယ်ယာ ၅ ရာခိုင်နှုန်းအထက် ပိုင်ဆိုင်သူ | ရာထူး |
|---|---|---|
| ၁ | ဦးဇော်မျိုးမြင့် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ |
| ၂ | ဦးသန်းထိုက်လွင် | အမှုဆောင် အရာရှိချုပ် |
| ၃ | ဦးအောင်အောင် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ |
| ၄ | ဦးမြင့်ဇော် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ |
| ၅ | ဦးတင့်မျိုးနိုင် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ |
| ၆ | ဒေါ်မြမြသန်း | အမှုဆောင် ဒါရိုက်တာ |

| စဉ် | ပိုင်ဆိုင်မှု | ဦးရေ |
|---|---|---|
| ၁ | ၅ ရာခိုင်နှုန်းနှင့်အထက် | ၆ |
| ၂ | ၅ ရာခိုင်နှုန်းနှင့်အောက် | ၁၈ |
| | စုစုပေါင်း | ၂၄ |



## ၁.၅ Covid-19 နှင့် အလားတူ ကူးစက်ရောဂါများဆိုင်ရာ ဆောင်ရွက်ချက်များ

Proven Group of Companies အနေဖြင့် ၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် မတ်လ ဘဏ္ဍာရေးနှစ်အတွက် Covid-19 နှင့် အလားတူ ကူးစက်ရောဂါများ နှင့်စပ်လျဥ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) အပူဒဏ်သင့်ခြင်း၊ Covid-19 ရောဂါ ၊ ကမ္ဘာဆင်တုတ်ကွေးစသည့် ကူးစက်ရောဂါများ၊ ရာသီတုပ်ကွေး စသည့် အချိန်ကာလလိုက် ဖြစ်ပေါ်တတ်သည့် ရောဂါများဆိုင်ရာ လိုက်နာရမည့် အချက်များ၊ တိုက်တွန်း နှိုးဆော်ချက်များ ထုတ်ပြန်ခြင်း၊

(ခ) ကျန်းမာရေးဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်ချက်များအား ပြန်လည် ဖြန့်ဝေခြင်း၊

(ဂ) လူမှုဖူလုံရေး စီမံကိန်းတွင် အကျုံးဝင် မှတ်ပုံတင် ပေးခြင်း၊

## ၁.၆ စိန်ခေါ်မှုများအပေါ် တုန့်ပြန်ဆောင်ရွက်ခြင်း

ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိလျှက် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သည့် ကုမ္ပဏီအစု အဖွဲ့ တစ်ခုအဖြစ် ရပ်တည်နိုင်ရေးမူအား အစဉ်တစိုက်ကိုင်စွဲလျက် စီးပွားရေး လုပ်ငန်းလုပ်ဆောင်နေသည့် ကုမ္ပဏီအစု အဖွဲ့တစ်ခု ဖြစ်သည့်အားလျော်စွာ ဖြစ်ပျက်ပေါ်ပေါက်နေသည့် အခြေအနေများအပေါ်တွင် Proven Group of Companies သည် စီးပွားရေး လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်နှင့်အညီ အောက်ပါအတိုင်း ကုမ္ပဏီအနေဖြင့်လည်းကောင်း ဝန်ထမ်းများအတွက်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်-

(က) ကုန်ပစ္စည်းတင်သွင်း ဖြန့်ဖြူးမှုပြုရာတွင် ကုန်းလမ်း သို့မဟုတ် ရေလမ်းအသုံးပြုဆောင်ရွက်ခြင်း၊

(ခ) လမ်းခရီးအခြေအနေအရ သွားရောက်ရန် ခက်ခဲသည့် ဒေသများအတွက် လေယာဉ်ဖြင့် သွားရောက် စေခြင်း သို့မဟုတ် အခြားသင့်တော်သည့် အစီအစဉ်များဖြင့် ဆောင်ရွက်စေခြင်းနှင့် အချို့သော ဒေသများ သို့ သွားရောက်ခြင်းကို ရွှေ့ဆိုင်းခြင်းစသည်တို့ကို ဆောင်ရွက်ခြင်း၊

## ၁.၇ လတ်တလော တိုးတက်ဖြစ်ထွန်းမှုများ

### ၁.၇.၁ IATF

Proven Group of Companies ၏ မျှော်မှန်းချက် (Our Vision) တစ်ခုဖြစ်သည့် မြန်မာနိုင်ငံ ခဲအက်ဆစ် ဘက်ထရီထုတ်လုပ်ခြင်း၊ ဖြန့်ချီခြင်းနှင့် ပတ်သက်သည့် ကဏ္ဍတွင် ဦးဆောင်သူ အဖြစ် ရှိနေမှုအား ထိန်းသိမ်းထားရန် ဆိုသည့်အချက်အား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ISO 9001 ထက်ပိုမိုသာလွန်သည့် ဝယ်ယူ သုံးစွဲသူ ကြေနပ်စေမှု (customer satisfaction)၊ Business and Process Risk managment ၊ ထုတ်ကုန်အရည်အသွေး စီမံခန့်ခွဲမှု (Product Quality Managaement) ရရှိစေရန် ရည်ရွယ် ချက်များဖြင့် အောင်မြင်စွာအစစ်ဆေးခံယူထားပြီး International Automotive Task Force အသိအမှတ်ပြု လက်မှတ်အား ၂၀၂၄ခုနှစ်၊ ဧပြီလတွင် ရရှိမည် ဖြစ်ပါသည်။

### ၁.၇.၂ စက်ရုံအမှတ် (၃)နှင့် မော်လမြိုင် အရောင်းစင်တာ တည်ဆောက်နေမှု

လက်ရှိ ထုတ်လုပ်နေသည့် Lead-Acid ဘက်ထရီ ထုတ်လုပ်မှု ကဏ္ဍအား ပိုမိုမြင့်မားသည့် ထုတ်လုပ်မှုနှုန်း ရရှိ လာစေရန်၊ အစဥ်ပြောင်းလဲ နေသည့် ထုတ်လုပ်နည်းပညာများအား ရယူ အသုံးချနိုင်ရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောင်းတကာ စက်မှုဇုန်ရှိ အကျယ် (၈.၀၅)ဧက မြေပေါ်တွင် စက်ရုံအမှတ်(၃)အား တည်ဆောက်နေပြီး ၂၀၂၅ခုနှစ်တွင် စတင်လည်ပတ် ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။

ဖြစ်ပေါ်လျှက်ရှိသည့် အခြေအနေများ၊ ခရီးသွားခြင်းဆိုင်ရာ ကန့်သတ်ချက်မြင့်မားလာမှုနှင့်အတူ အနီးဝန်းကျင်ဒေသများတွင် အရောင်းနှင့် ဘက်ထရီဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုများ မပြတ်တောက်စေရေး မော်လမြိုင်မြို့၌ ဒေသဆိုင်ရာအရောင်း နှင့် ဝန်ဆောင်မှု Center တစ်ခုအားအသစ် ထပ်မံတည်ဆောက်လျှက်ရှိပါသည်။

### ၁.၇.၃ စက်ရုံတိုးချဲ့ခြင်း

Yangon Metal Industry Co., Ltd အနေဖြင့် မူလ စက်ရုံလုပ်ငန်းခွင်အား (၈၅၀၀) စတုရန်းမီတာဧရိယာ အကျယ်ထပ်မံတိုးချဲ့ခဲ့ပါသည်။ တိုးချဲ့ခဲ့သည့် စက်ရုံ အပိုင်းသည် ပြုလုပ်မှု လုပ်ငန်းစဥ်တစ်လျှောက်လုံး ထွက်ရှိလာသည့်ရေ (process water)အား (၁၀၀) ရာခိုင်နှုန်း ပြန်လည်သန့်စင်သည့် စနစ်ဖြင့် တည်ဆောက်ထားပြီး သန့်စင်ထားသည့်ရေအား စက်ရုံတွင်း ဆေးကြောခြင်း အပါအဝင် သက်ဆိုင်ရာနေရာများတွင် အသုံးပြုပြီး ထိုသို့အသုံးပြုပြီးသည့် အိမ်သုံးရေ (domestic water) အဆင့် ကိုသာ ပြန်လည် စွန့်ထုတ်ပါသည်။

တိုးချဲ့ စက်ရုံပါရှိလာမှုကြောင့် Yangon Metal Industry Co., Ltd အနေဖြင့် ထုတ်လုပ်မှုနှုန်း မူလထက် (၃၀)ရာခိုင်နှုန်း ပိုမိုထုတ်လုပ်လာနိုင်မည် ဖြစ်ပါသည်။

## ၁.၇.၄ Proven International Co., Ltd ၏ ၁၀နှစ်ပြည့် အစီရင်ခံစာ

Proven Group of Companies Ltd ၏ ညီနောင် ကုမ္ပဏီတစ်ခုဖြစ်သည့် STATES နှင့် AISIN အမှတ်တံဆိပ် အင်ဂျင်ဝိုင်၊ ADVICS အမှတ်တံဆိပ် Brake Parts အစ ရှိသည့် မော်တော်ယာဉ်သုံး စက်အပို ပစ္စည်းများနှင့်၊ စိုက်ပျိုးရေးယန္တယားများတွင် အသုံးပြုသည့် Belt ကြိုးများ၊ မော်တော်ဆိုင်ကယ်သုံး အပိုပစ္စည်းများ၊ 3M အမှတ်တံဆိပ် Auto Care ပစ္စည်းများကို တင်သွင်း ဖြန့်ဖြူး ရောင်းချသည့် လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည့် Proven International Co., Ltd (PVI) အနေဖြင့် လုပ်ငန်း တည်ထောင်ဆောင်ရွက်ခဲ့မှု ၂၀၂၄ ခုနှစ်တွင် ၁၀နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ Proven International Co., Ltd ၏ ၁၀နှစ်ပြည့်မြောက် အခမ်းအနားအား ၂၀-၁-၂၀၂၄ ရက်နေ့တွင် Lotte Hotel Yangon တွင် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပခဲ့သည်။

Proven International Co., Ltd အနေဖြင့် ၁၀နှစ်တာကာလအတွင်း ဖြန့်ဖြူးခဲ့သည့် Brand အမျိုးမျိုးအတွက် ဈေးကွက်နေရာရရှိစေရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး Proven International Co.,Ltd ၏ Values သုံးခုဖြစ်သည့် Building Customer Loyalty and Care, Collaborating closely with prestige international suppliers to get the best value and quality products , Trusting Employee who are friendly and professional ဆိုသည့် Values သုံးရပ်ကို တစိုက်မတ်မတ် အရေးပေး ဖော်ဆောင်လျက်ရှိသည့်အပြင် လူမှုအကျိုးပြုလုပ်ငန်းများကိုလည်း တတ်စွမ်းသမျှ ထမ်းဆောင်လျက်ရှိသည်။ ထို့အပြင် သုံးစွဲသူများနှင့် တခြားသက်ဆိုင်သော လိုအပ်ချက်နှင့် ကိုက်ညီသော ပစ္စည်းနှင့် ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတကာ အရည်အသွေးနှင့်စပ်လျဉ်းပြီး အရည်အသွေးပိုင်းဆိုင်ရာ ISO 9001:2015 ရရှိအောင်လည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ၁.၇.၅ Proven Distribution Co., Ltd ရုံးခန်းနေရာ ပြောင်းလဲ ဖွင့်လှစ်ခြင်း

Proven Distribution Co., Ltdအနေဖြင့် ပိုမို ကောင်းမွန်သည့် အရောင်းဆိုင်ရာ နှင့် customer service များဆောင်ရွက်ပေးနိုင်ရန်နှင့် အနာဂတ်ထုတ်ကုန်များ ပိုမိုပြည့်စုံစွာ ခင်းကျင်းပြသခြင်းအပါအဝင် အရောင်းဆိုင်ရာ အခင်းအကျင်း ကောင်းများအတွက် ရည်ရွယ်၍ ယခင် Proven Group of Companies Ltd နှင့်ပူးပေါင်းတည်ရှိသည့် ရုံးနေရာမှ တိုက်အမှတ် (၂၁)၊ ရွှေပုန်းညက်ရိပ်မွန် အိမ်ယာ၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်သို့ ၂၃-၁-၂၀၂၄ ရက်နေ့မှ စတင်ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ပါသည်။

## ၁.၇.၆ Proven Group of Companies Ltd အနာဂတ် ရုံးနေရာ သတ်မှတ်ခြင်း

ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်ခြင်း အပါအဝင် စွမ်းအင်သိုလှောင်မှု ကဏ္ဍတွင် အစဉ်ရပ်တည်နိုင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်နေစေရန်၊ ပြောင်းလဲနေသည့် ဘက်ထရီနည်းပညာရပ်များအပေါ် အစဉ်တစိုက် လိုက်ပါနိုင်သည့်အဖွဲ့အစည်းတစ်ရပ်ဖြစ်စေရန်နှင့် အဆိုပါ ကဏ္ဍ ၂ ရပ်လုံး၏ လူ့စွမ်းအားရင်းမြစ်များ စုစည်းရာ hub တစ်ခုဖြစ်လာစေရေး Proven Group of Companies Ltd အနာဂတ် ရုံးနေရာအား ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ မြို့နယ်၊ ပန်းလှိုင်အိမ်ယာဝင်းအတွင်း မြေဧက (၁.၁၅၄)အပေါ်တွင် အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်သည်။

## ၁.၈ အနာဂတ် အစီအစဉ်များ

Proven Group of Companies အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေး နှစ် အတွက် အောက်ပါရည်မှန်းချက်များ ချမှတ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

### (က) ကာလတို

**ဈေးကွက်ဆိုင်ရာ**

(၁) အဓိကကျသောမြို့ကြီးများတွင် ဒေသဆိုင်ရာအရောင်းနှင့် ဝန်ဆောင်မှု Centerများ ထပ်မံ ဖွင့်လှစ်သွားမည်။

(၂) ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေး နှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုပြန်လည် ဆောင်ရွက်ပြီး ဘက်ထရီစက်ရုံအသစ် တည်ဆောက်သွားမည်။

**လူ့စွမ်းအားအရင်းမြစ်ဆိုင်ရာ**

(၁) ၂၀၂၄ ခုနှစ်၌ Proven Group ရှိ ညီနောင်ကုမ္ပဏီများအားလုံးတွင် ခေတ်နှင့် လျော်ညီသည့် HR စီမံခန့်ခွဲမှု စနစ်များနှင့် HR Software များကျင့်သုံး အကောင် အထည်ဖော်ဆောင်ရွက်သွားမည်။

(၂) Covid-19 အပါအဝင် ကူးစက်ရောဂါများ၊ သဘာဝနှင့် လူကြောင့်ဖြစ်ပေါ်သည့် အန္တရာယ်များ ကျရောက်ခြင်းကြောင့် ဝန်ထမ်းများအပေါ်သက်ရောက်မှု အနည်းဆုံးဖြစ်စေရေး လိုအပ်သည့် ပြင်ဆင်မှုများ ဆက်လက် လုပ်ဆောင်သွားမည်။

(၃) နှစ်စဉ်ကုမ္ပဏီ၏ရှယ်ယာတန်ဖိုး တိုင်းတာ၍ စနစ်ကျသော တန်ဖိုးတွက်ချက်မှုများကိုပါ ဆောင်ရွက်ပြီ ဒါရိုက်တာ အဖွဲ့သို့ တင်ပြသွားမည်။

(၄) လက်ရှိနှင့် အနာဂတ်အခြေအနေများကို အခြေပြုလျက် မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ အသစ် ထုတ်ဖော် ချမှတ်သွားမည်။

### (ခ ) ကာလရှည်

**ဈေးကွက်ဆိုင်ရာ**

(၁) Proven Group of Companies ၏ထုတ်ကုန်ပစ္စည်းများကိုပြည်ပနိုင်ငံများသို့ ရောင်းချနိုင်ရန် ဈေးကွက်ချဲ့ထွင်ခြင်းနှင့်အတူ ပြည်ပနိုင်ငံမှတင်သွင်းသည့် ကုန်ချော၊ ကုန်ကြမ်းပစ္စည်းများ အဆက်မပြတ်ရရှိနေစေရေး ERP System အသုံးပြုပြီး အထူးဂရုပြု ဆောင်ရွက်သွားမည်။

(၂) ငွေကြေးစီမံခန့်ခွဲမှုနှင့် စာရင်း ကဏ္ဍများတွင် Consolidated Reporting System အား အသုံးပြုသွားမည်။

**လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ**

(၁) ညီနောင်ကုမ္ပဏီများအားလုံးတွင် အရည်အသွေးညီမျှသော အုပ်ချုပ်မှုစနစ်နှင့်အရည်အသွေး ပြည့်ဝ လာစေရန် ၊ အနာဂတ်ခေါင်းဆောင်များဖြစ်ပေါ်လာစေရန် Learning and Development Center ကို ဖွဲ့စည်းတည်ဆောက်ပြီး လိုအပ်သည့် သင်တန်းများ ဖွ င့်လှစ်ပေးသွားမည်။

(၂) သင့်လျော်သော ကျွမ်းကျင်ပညာရှင်များအား ကုမ္ပဏီအသီးသီးတွင် အလယ်အလတ် (Mid – Level Management) နှင့် အထက် အုပ်ချုပ်မှုနေရာများတွင် ခန့်အပ်သွားရန် ဆောင်ရွက်သွားမည်။

(၃) ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ်အခြေပြုသည့် စီမံခန့်ခွဲမှုစနစ် ဖြစ်ထွန်းစေရေး ရှေးရှု၍ Performance Appraisal အား Software System စနစ်သုံး ပြောင်းလဲ ကျင့်သုံးမှုမှတဆင့် Key Performance Indicators ဖော်ထုတ်သတ်မှတ်သွားမည်။

(၄) ကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာ အသစ်များရှာဖွေအသုံးပြုခြင်း၊ ခေတ်မီပြီး ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေမည့်စက်ပစ္စည်းအသစ်များ ဝယ်ယူ ဖြည့်ဆည်း ခြင်းများ ဆောင်ရွက်သွားမည်။

(၅) Corporate Governance စီမံခန့်ခွဲမှုစနစ် အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေး Corporate Culture တည်ထောင်ရေးအား အဆင့်လိုက် ဆောင်ရွက်သွားမည်။

(၆) Proven Group of Companies ၏ စီးပွားရေး လုပ်ငန်းဆောင်ရွက်ချက်များအား သဘာဝပတ်ဝန်းကျင်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့် ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီအောင် ဖော်ဆောင်သွားမည်။


# အခန်း(၂)
# Corporate Governance



# ခေါင်းဆောင်မှုနှင့် စီမံအုပ်ချုပ်မှု

စိန်ခေါ်မှုများအား စနစ်တကျ အချိန်နှင့် တပြေးညီ တုန့်ပြန်ဖြေရှင်းနိုင်ရန်၊ လုပ်ငန်းဆောင်ရွက်မှုများအား Unique Platform ပေါ်မှ နေ၍ ထိန်းကျောင်းခြင်း၊ စီမံခန့်ခွဲခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ပေးခြင်းများ လုပ်ဆောင်ပေးရန် Proven Group of Companies ၏ စီမံအုပ်ချုပ်မှုပုံစံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

## စီမံအုပ်ချုပ်မှု



## ၂.၁ CEO ၏ အမှာစကား



လေးစားအပ်ပါသော အစုရှယ်ယာရှင်များခင်ဗျား

မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်အပ်ပါတယ်။ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းများနဲ့လည်း ပြည့်စုံပါစေကြောင်း ဆုတောင်း မေတ္တာ ပို့သအပ်ပါတယ်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ဟာ မြင့်မား တဲ့ စိန်ခေါ်မှုများ များပြားလွန်းလှတဲ့ နှစ်တစ်နှစ်လို့ ဆိုရမှာဖြစ်ပါတယ်။ အဆိုပါ ဘဏ္ဍာရေးနှစ်အတွင်းမှာ မထင်မှတ်ထားတဲ့ပြိုလဲကျသွားတဲ့ လုပ်ငန်းစုတွေ ဆက်တိုက်ပေါ်ထွန်းခဲ့တာကိုလည်း တွေ့မြင်ခဲ့ကြမှာ ဖြစ်မှာပါ။

ဒီလို မြင့်မား တဲ့ စိန်ခေါ်မှုများကြားမှာ ကျွန်တော်တို့ Poven Group of Companies အနေနဲ့ အစုရှယ်ယာရှင်များရဲ့ နားလည်မှု အပြည့် ပါဝင်တဲ့ ယုံကြည်ချက်များနဲ့ အစဉ်ပံ့ပိုးမှု၊ စီမံခန့်ခွဲမှုအဖွဲ့ရဲ့ မဆုတ်မနစ်နဲ့ ဆောင်ရွက် ပေးနိုင်မှု၊ ဝန်ထမ်းများရဲ့ လုပ်ငန်း တာဝန်များ အပေါ် အလေး အနက်ထား ပူးပေါင်းလုပ်ကိုင်မှုတွေနဲ့ အောင်မြင်စွာ ဖြတ်ကျော် နိုင်ခဲ့ပါကြောင်း ဦးစွာ မီးမောင်း ထိုး တင်ပြ အပ်ပါတယ်။

လက်ရှိ ဖြစ်ပေါ်နေတဲ့ အခင်းအကျင်းမှာ Proven Group of Companies အနေနဲ့ မူဝါဒပိုင်းမှာ ယခင်ချမှတ်ထားခဲ့တဲ့ မူဝါဒတွေကို ပြန်လည် ပြင်ဆင်ပြီး ပိုမိုခိုင်မာတိကျတဲ့ မူဝါဒတွေနဲ့အစားထိုးပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်၊ အဲ့ဒီလို ဆောင်ရွက်တဲ့ နေရာမှာ လူ့စွမ်းအား ရင်းမြစ်ဖွံ့ဖြိုးရေးအပေါ် အပြုသဘောဆောင်တဲ့ သက်ရောက်မှုများ ပိုမို ရရှိရေးကို အထူး အလေးထား ပြီး လုပ်ဆောင်ခဲ့ပါတယ်။

ဒီနေရာမှာ အထူးအလေးအထား တင်ပြလိုတာကတော့ ကျွန်တော်တို့ Proven Group of Companies အနေနဲ့ ရှေ့ဆက် လုပ်ဆောင်သွားမဲ့ လုပ်ငန်းဆိုင်ရာ လုပ်ဆောင်ချက်တွေထဲမှာ ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှု (Good Corporate Governance) ၊ အရှည်တည်တံ့ခိုင်မြဲမှု (Sustainability) နှင့် Corporate Culture တို့ဆိုင်ရာ မဟာဗျူဟာများ၊ လိုက်နာ လုပ်ဆောင်ရမည့် အကြောင်းအရာများကို တစ်နှစ်ထက် တစ်နှစ်ပိုမို ထည့်သွင်းဆောင်ရွက်လာခဲ့တာဖြစ်ပါတယ်။

အဲ့ဒီဆောင်ရွက်ချက်များရဲ့ ရလာဒ်အနေနဲ့ မြန်မာနိုင်ငံ ကုမ္ပဏီများရဲ့ ပွင့်လင်း မြင်သာမှုကို အကဲဖြတ် ဆန်းစစ်တဲ့ "ပွင့်သစ်စ" အစီရင်ခံစာမှာ ကျွန်တော်တို့ Proven Group of Companies ဟာ အဆင့် (၁၃) ရရှိပြီး မြန်မာနိုင်ငံရဲ့ ပွင့်လင်း မြင်သာမှု အရှိဆုံး ထိပ်ဆုံး ကုမ္ပဏီ(၂၀)မှာ ပါဝင်နိုင်ခဲ့ပါတယ်။

အဲ့ဒီလို ရရှိခဲ့မှုတွေအပေါ် ကျွန်တော်တို့ အနေနဲ့ အစဉ်ကျေနပ်ရပ်တန့်မနေဘဲ Group of Companies ဆိုင်ရာ လုပ်ငန်းများ ကို ဆက်လက် ဆောင်ရွက်ခဲ့ရာမှာ Corporate Social Responsibility လို့ခေါ်တဲ့ ကော်ပိုရိတ်လူမှုတာဝန်ကိစ္စရပ်နှင့်စပ်လျဉ်းပြီး Group of Companies အဆင့်အနေနဲ့ Steering Committee လို့ခေါ်တဲ့ မူဝါဒရေးရာ ဦးဆောင်ကော်မတီ တစ်ရပ်ကို သက်ဆိုင် ရာ ကုမ္ပဏီ အသီးသီးက ထိပ်တန်းစီမံခန့်ခွဲသူများဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပြီး မူဝါဒရေးရာများ ချမှတ်ခြင်း၊ တင်ပြလာတဲ့ CSR ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊ ဆုံးဖြတ်ပေးခြင်းများ လုပ်ဆောင်ပေးခဲ့ပြီး အဲ့ဒီအထဲမှ လုပ်ငန်း တစ်ချို့ကိုလည်း ဆက်တိုက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းကိုလည်း ယခုတစ်ပါတည်း တင်ပြ အပ်ပါတယ်။

လေးစားအပ်ပါသော အစုရှယ်ယာရှင်များခင်ဗျား

ကျွန်တော်တို့ Proven Group of Companies အနေနဲ့ စိန်ခေါ်မှုများနဲ့ ရင်ဆိုင်ကြုံတွေ့မှုတွေတိုင်းအပေါ် အခွင့်အလမ်းများ အဖြစ် ပြောင်းလဲ ပြစ်မယ်ဆိုတဲ့ ခံယူချက်ထားပြီး ဆောင်ရွက်ခဲ့ရာမှာ ကျွန်တော်တို့ Proven Group of Companies ရဲ့ ဖွံ့ဖြိုး တိုးတက် ရေးအပေါ်လည်း အစဉ်တစ်စိုက် အလေးထားခဲ့ပါတယ်။ လက်ရှိ စိန်ခေါ်နေမှုတွေရှိနေကြား ကျွန်တော်တို့ Proven Group of Companies အနေနဲ့ တိုးတက်မှုပိုင်းဆိုင်ရာမှာ ကျဆင်းမသွားဘဲ၊ ပုံမှန် အတိုင်း ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်မှာ ရှိနေအောင် သက်ဆိုင်ရာ ကုမ္ပဏီများရဲ့ ထိပ်တန်းစီမံခန့်ခွဲသူများက အစဉ်ကြိုးပမ်းအားထုတ်လုပ်ဆောင်နေပါကြောင်းနဲ့ အဆိုပါ ကြိုးပမ်း အားထုတ်မှုများ အပေါ် Group of Companies အနေနဲ့ Learning and Development အစီအစဉ်များ ချမှတ် ပံ့ပိုးပေးရန် ကြိုးစား စီစဉ်ဆောင်ရွက်နေကြောင်းကိုလည်း ထပ်မံဖော်ပြအပ်ပါတယ်။

ကျွန်တော်တို့ Proven Group of Companies အနေနဲ့ အစဉ်တစိုက် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အလေးအထားဆောင်ရွက် နေရာမှာ ပြောင်းလဲနေတဲ့ အခြေအနေများ၊ ကျွန်တော်တို့ Proven Group of Companies ရဲ့ ပြောင်းလဲတိုးတက် ဖြစ်ပေါ်နေတဲ့ နှုန်းထားနဲ့ အလားအလာ (Growth Rate and Trending) အနေအထားတွေအပေါ် စုစည်းထားနိုင်မဲ့ ပင်မဗဟိုချက်မ (Main Hub) တစ်ခု လိုအပ်လာမှာ ဖြစ်လို့ အဆိုပါ လိုအပ်ချက်အား ရရှိစေနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ပန်းလှိုင် အိမ်ယာမှာ ကျွန်တော်တို့ Proven Group of Companies ရဲ့ရုံးချုပ်ဆိုင်ရာ အဖွဲ့အစည်းတစ်ရပ် ရှိလာအောင် မြေယာဝယ်ယူပြီး စတင်လုပ်ဆောင် နေပါကြောင်းကိုလည်း အလေးထား တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ဟာလည်း ကျွန်တော်တို့ Proven Group of Companies အနေနဲ့ ဖြည့်တင်းရမည့် လူ့စွမ်းအား ရင်းမြစ်နဲ့ နည်းပညာရပ်ဆိုင်ရာ စိန်ခေါ်မှုတွေ အပြည့်ရှိနေတဲ့နှစ်တစ်နှစ် ဖြစ်နေသေး ပါတယ်။ လက်ရှိ အခြေအနေမှာ စီမံခန့်ခွဲမှုဆိုင်ရာ အဆင့် လူ့စွမ်းအားရင်းမြစ်တွေရယူနိုင်ဖို့ခက်ခဲနေသလို လုပ်သားဆိုင်ရာ ရင်းမြစ်များလည်း လိုအပ်ချက်အတိုင်းအတာတွေ ကျယ်ပြန့်နေဦးမှာ ဖြစ်ပါတယ်၊

တစ်ဘက်မှာလည်း ပြောင်းလဲနေတဲ့ နည်းပညာဆိုင်ရာ တိုးတက်မှုနောက်ကို လိုက်ဖို့ စွမ်းအား အပြည့်ရှိတဲ့ လူ့စွမ်းအား ရင်းမြစ် တစ်ရပ်လိုနေတာမို့ ဒီနှစ်ရပ်ရဲ့ ကွာဟချက်ကြီးမားလှပါကြောင်းနဲ့ အဆိုပါ ကွာဟချက်ကို အကျဉ်းဆုံးဖြစ်အောင် ကျွန်တော် အနေနဲ့ သက်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့တွေရဲ့ ပံ့ပိုးမှု၊ လက်ရှိဝန်ထမ်းများရဲ့ လက်တွဲ ဆောင်ရွက်လိုတဲ့ စိတ်ဆန္ဒစွမ်းအားတွေနဲ့ ရယူ တည်ဆောက်သွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

သန်းထိုက်လွင်
CEO

## ၂.၂ ဒါရိုက်တာ အဖွဲ့

### ၂.၂.၁ ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းပုံ (Board Structure)

ဒါရိုက်တာအဖွဲ့အတွင်း လွတ်လပ်မှု အခြေခိုင်မာစေရန် ဒါရိုက်တာအဖွဲ့တွင် အမှုဆောင်မဟုတ်သောဒါရိုက်တာ အများစုဖြင့် ဖွဲ့စည်းကာ ပညာအရည် အချင်း၊ ကျား/မ ၊ အသက်အရွယ်၊ လူမျိုးနှင့် စီးပွားရေးလုပ်ငန်း အတွေ့ အကြုံ ပေါင်းစုံ ပါဝင် ရောယှက်မှု ဖွဲ့စည်းထားပါသည်။

အတွေးအခေါ်ပေါင်းစုံဖြင့် လွတ်လပ်စွာ တွေးခေါ်ဆုံးဖြတ်မှုကို အားပေးကြပြီး ဒါရိုက်တာ အဖွဲ့အနေဖြင့် Group of Companies အပေါ် အစဉ် ကောင်းမွန်သည့် ရလာဒ်များ ရရှိစေရန် ကြိုးပမ်းအားထုတ် လုပ်ကိုင်လျှက်ရှိ ပါသည်။

### ၂.၂.၂ ဒါရိုက်တာအဖွဲ့

Proven Group of Companies ၏ လုပ်ငန်း နယ်ပယ် အသီးသီးတွင် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သည့် ကုမ္ပဏီ အဖွဲ့စု တစ်ရပ်အဖြစ် အစဉ်ရပ်တည်နိုင်စေရန်၊ နိုင်ငံတကာအရည် အသွေးမှီထုတ်ကုန်အဆင့်နှင့် ဆောင်ရွက် သည့်နည်းစနစ် များအတိုင်း ထိန်းသိမ်း လုပ်ဆောင်နိုင်ရေး အတွေ့အကြုံနှင့် စွမ်းဆောင်ရည် ပြည့်ဝသည့် ဒါရိုက်တာ အဖွဲ့က တာဝန်ယူ ထိမ်းကျောင်း ဆောင်ရွက်ပေးနေပါသည်။



## ဒါရိုက်တာ အဖွဲ့



ဦးထွန်းမြင့်
ဥက္ကဋ္ဌ



ဒေါ် မြမြသန်း
အမှုဆောင်ဒါရိုက်တာ



ဦးသန်းထိုက်လွင်
အမှုဆောင်အရာရှိချုပ်



ဦးအေးကို
အမှုဆောင် ဒါရိုက်တာ



ဦးမျိုးသစ်အောင်
အမှုဆောင် ဒါရိုက်တာ



ဦးမျိုးလွင်
အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ



ဦးကြည်ဂွမ်
အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ

# ဒါရိုက်တာ အဖွဲ့



ဦးမြင့်နိုင်
အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ



ဒေါ်ဝမ်မေရီ
အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ



ဦးကျိန်မြင့်
အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ



ဦးတင့်မျိုးနိုင်
အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ



ဦးအောင်အောင်
အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ



ဦးမြင့်ဇော်
အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ



ဦးမျိုးမင်းထွန်း
အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ



ဦးညဏ်သစ်လှိုင်
အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ



ဦးဇော်မျိုးမြင့်
အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ



ဦးစိုင်းလုဝင်း
အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ

## ၂.၂.၃ ဒါရိုက်တာများ လေ့ကျင့် ပျိုးထောင်မှု အစီအစဉ်

Proven Group of Companies အနေဖြင့် ယှဉ်ပြိုင်မှုအား အစဉ်အားပေးပြီး ဘဝတစ်သက်တာ လေ့လာသင်ယူမှု အပေါ် အစဉ် တစိုက်ဆောင်ရွက်နေခြင်းကြောင့် Group of Companies ၏ ဒါရိုက်တာများအား လေ့လာသင်ယူနိုင်မည့် အခွင့် အလမ်းများ စီစဉ်ဆောင်ရွက်ပေးပါသည်။

အဆိုပါ အစီအစဉ်နှင့်အညီ MIoD က ဖွင့်လှစ်သည့် ဒါရိုက်တာ သင်တန်းသို့ အောက်ပါ အတိုင်း စေလွှတ် တက်ရောက် နိုင်ခဲ့ပါသည်-

| အမည် | သင်တန်း | သင်တန်း အဖွဲ့ အစည်း | ကာလ | မှတ်ချက် |
|---|---|---|---|---|
| ဦးမျိုးသစ်အောင် | Director Certification Program | MIoD | ၂၀၂၃၊ မတ်လ | In Class |
| ဦးတင့်မျိုးနိုင် | Director Certification Program | MIoD | ၂၀၂၃၊ မတ်လ | In Class |
| ဦးအေးကို | Director Certification Program | MIoD | ၂၀၂၃၊ မတ်လ | In Class |
| ဦးစန်းလွင် | Director Certification Program | MIoD | ၂၀၂၃၊ မတ်လ | In Class |
| ဦးစန်းလွင် | Finance for Director | MIoD | ၂၀၂၄၊ ဖေဖော်ဝါရီလ | Online |

## ၂.၂.၄ ဒါရိုက်တာအဖွဲ့ အစည်းအဝေးကျင်းပမှု

၂၀၂၃ ဧပြီလမှ ၂၀၂၄ မတ်လအထိ Group of Companies ဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် မူဝါဒ ရေးရာ၊ အုပ်ချုပ်ရေးမှုရေးရာ စီမံခန့်ခွဲမှုရေးရာတို့နှင့် စပ်လျဉ်းပြီး လမ်းညွှန်မှု၊ ဦးဆောင်မှု၊ ထိန်းကျောင်းမှုများ အချိန်နှင့် တပြေးညီ ဆောင်ရွက်ပေးရန် Proven Group of Companies ၏ ဒါရိုက်တာအဖွဲ့ အစည်းအဝေးများအား အောက်ပါ အတိုင်း ကျင်းပခဲ့ပါသည်-

| ၂၀၂၃ ဧပြီလမှ ၂၀၂၄ မတ်အထိ ကျင်းပခဲ့သော ဒါရိုက်တာအဖွဲ့အစည်းအဝေး (၇)ကြိမ် | | | | | |
|---|---|---|---|---|---|
| စဉ် | အမည် | စတင်အရွေး ခံရသည့်နှစ် | နောက်ဆုံးအကြိမ် အရွေးခံရသည့်နှစ် | ရာထူး | တက်ရောက်ခဲ့သည့် အကြိမ် |
| ၁ | ဦးထွန်းမြင့် | ၁၉၉၆ | ၂၀၂၀ | ဥက္ကဋ္ဌ | ၇ |
| ၂ | ဦးသန်းထိုက်လွင် | ၂၀၀၈ | ၂၀၂၀ | အမှုဆောင် အရာရှိချုပ် | ၇ |
| ၃ | ဒေါ်မြမြသန်း | ၁၉၉၆ | ၂၀၂၀ | အမှုဆောင် ဒါရိုက်တာ | ၇ |
| ၄ | ဦးမျိုးသစ်အောင် | ၂၀၀၈ | ၂၀၂၀ | အမှုဆောင် ဒါရိုက်တာ | ၇ |

| ၂၀၂၃ ဧပြီလမှ ၂၀၂၄ မတ်အထိ ကျင်းပခဲ့သော ဒါရိုက်တာအဖွဲ့အစည်းအဝေး | | | | | (၇)ကြိမ် |
|---|---|---|---|---|---|
| စဉ် | အမည် | စတင်အရွေး ခံရသည့်နှစ် | နောက်ဆုံးအကြိမ် အရွေးခံရသည့်နှစ် | ရာထူး | တက်ရောက်ခဲ့သည့် အကြိမ် |
| ၅ | ဦးဇော်မျိုးမြင့် | ၂၀၁၁ | ၂၀၂၀ | အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ | ၇ |
| ၆ | ဦးအောင်အောင် | ၁၉၉၆ | ၂၀၂၀ | အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ | ၇ |
| ၇ | ဦးမြင့်ဇော် | ၂၀၀၈ | ၂၀၂၀ | အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ | ၇ |
| ၈ | ဦးဉာဏ်သစ်လှိုင် | ၂၀၀၈ | ၂၀၂၀ | အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ | ၇ |
| ၉ | ဦးကျိန်မြင့် | ၁၉၉၆ | ၂၀၂၀ | အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ | ၇ |
| ၁၀ | ဦးမြင့်နိုင် | ၁၉၉၆ | ၂၀၂၀ | အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ | ၇ |
| ၁၁ | ဒေါ်ဝမ်မေရီ | ၂၀၀၈ | ၂၀၂၀ | အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ | ၇ |
| ၁၂ | ဦးကြည်ဝွမ် | ၁၉၉၆ | ၂၀၂၀ | အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ | ၆ |
| ၁၃ | ဦးမျိုးလွင် | ၁၉၉၆ | ၂၀၂၀ | အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ | ၅ |
| ၁၄ | ဦးစိုင်းလှဝင်း | ၂၀၁၇ | ၂၀၂၀ | အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ | ၇ |
| ၁၅ | ဦးတင့်မျိုးနိုင် | ၂၀၁၇ | ၂၀၂၀ | အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ | ၇ |
| ၁၆ | ဦးအေးကို | ၂၀၀၅ | ၂၀၂၀ | အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ | ၇ |
| ၁၇ | ဦးမျိုးမင်းထွန်း | ၂၀၁၉ | ၂၀၂၀ | အမှုဆောင် မဟုတ်သည့်ဒါရိုက်တာ | ၇ |

## ၂.၂.၅ နှစ်ပတ်လည် စုံညီအစည်းအဝေး ကျင်းပမှု

၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် Proven Group of Companies ၏ နှစ်ပတ်လည် စုံညီအစည်းအဝေးအား ဒါရိုက်တာအဖွဲ့ အနေဖြင့် ၂၀၂၄ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပရန် ကနဦးသဘောတူညီထားပါသည်။

## ၂.၃ စီမံခန့်ခွဲမှု အဖွဲ့



ဦးသန်းထိုက်လွင်သည် အမေရိကန်နိုင်ငံ Bemidji State University မှ B.Sc (Management, Marketing and Small Business Management) ဘွဲ့ကို ရရှိခဲ့ပါသည်။ IFC နှင့် Myanmar Institute of Director (MIOD) တို့မှ ကျင်းပသည့် Corporate Governance Programme သင်တန်းကို တက်ရောက်အောင်မြင်ထားသည့် Certified Director တစ်ဦးဖြစ် ပါသည်။

ဦးသန်းထိုက်လွင်သည် ၂၀၀၅ ခုနှစ်တွင် Proven Technology Industry Company (PTIC) ကုမ္ပဏီ၏ အထွေထွေမန်နေဂျာ၊ ၂၀၁၀ ပြည့်နှစ်တွင် လုပ်ငန်းလည်ပတ်ရေး အရာရှိချုပ်(COO) နှင့်၂၀၁၆ ခုနှစ်မှစ၍အုပ်ချုပ်မှု ဒါရိုက်တာအဖြစ် တာဝန်များ ထမ်းဆောင်ခဲ့ပါသည်။ ဦးသန်းထိုက်လွင်သည် Proven Group ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး Group CEO အဖြစ်လည်း တာဝန်ယူ ဆောင်ရွက် လျက်ရှိပါ သည်။

Proven Group၏ ညီနောင် ကုမ္ပဏီများ၊ Myanmar Automobile Development Public Co., Ltd တို့တွင် ကိုယ်စားလှယ် ဒါရိုက်တာအဖြစ်ဆောင်ရွက်လျှက်ရှိပါသည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အသင်း နှင့် ရန်ကုန်တိုင်း ဒေသကြီး မော်တော်ယာဉ် အပိုပစ္စည်း လုပ်ငန်းရှင်များ အသင်းတို့၏ ဥက္ကဌ၊ မြန်မာ့မော်တော်ယာဉ်ဖွံ့ဖြိုးမှု အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ ဥက္ကဌအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံခဲ့ရပါသည်။ ၂၀၁၉ ခုနှစ်တွင် Young Alumni Award ဆုကို Bemidji State University ၏ နှစ် (၁၀၀)ပြည့် နှစ်ပတ်လည် နှင့် Gala ညစာစားပွဲတွင် ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် ၂၀၁၆ခုနှစ်တွင် အာဆီယံဒေသအတွင်း ဆုဖြစ်သည့် ASEAN-OSHNET BEST PRACTICES AWARD ကို Proven Group of Companies ၏ ညီနောင် ကုမ္ပဏီဖြစ်သည့် Proven Technology Industry Co., Ltd (PTIC) ကုမ္ပဏီက ရရှိစေခြင်း၊ ပွင့်သစ်စက ထုတ်ပြန်သည့် ပွင့်လင်းမြင်သာမှု အရှိဆုံး မြန်မာနိုင်ငံ ကုမ္ပဏီများ စာရင်းတွင် Proven Group အနေဖြင့် ၂၀၂၀ခုနှစ်တွင်အဆင့် ၁၈ နှင့် ၂၀၂၂ ခုနှစ်တွင် အဆင့် ၁၃ နေရာတွင် ဖော်ပြခံရအောင် ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။

UMFCCI ၏ အလုပ်မှုဆောင် ကော်မတီ(EC) ဝင်တစ်ဦး အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ စက်မှု ကုန်ထုတ်လုပ်သူများ အသင်း (MIA) ၏ တွဲဖက် အထွေထွေ အတွင်းရေးမှူးတာဝန်များ ကိုလည်းကောင်း၊ Myanmar Barcode Association ၏ Founder တစ်ဦး လည်းဖြစ်ကာ လက်ရှိတွင် အဆိုပါ အသင်း၏ အထွေထွေ အတွင်းရေးမှူးတာဝန်များကိုလည်းကောင်း ထမ်း ဆောင်ပေး လျက်ရှိနေပါသည်။

## ၂.၃ စီမံခန့်ခွဲမှု အဖွဲ့



ဒေါ်မြမြသန်းသည် မော်လမြိုင် တက္ကသိုလ်မှ B.Sc (Physics)ကို ရရှိခဲ့ပါသည်။ ၁၉၉၆ ခုနှစ်တွင် ခင်ပွန်းဖြစ်သူ ဦးအုန်းလွင် နှင့်အတူ Proven Technology Industry Co., Ltd (PTIC) ကုမ္ပဏီကို စတင်တည်ထောင်ရာတွင် ပါဝင်ခဲ့သူလည်း ဖြစ်ပါသည်။

Proven Technology Industry Co., Ltd (PTIC) ကုမ္ပဏီ၏ ဒါရိုက်တာ (ဘဏ္ဍာရေး) ရာထူးဖြင့် ၂၆ နှစ်တိုင်တိုင် တာဝန် ထမ်းဆောင်ပေးခဲ့ပါသည်။ လက်ရှိတွင် Proven Group ၏ အချိန်ပိုင်း အမှုဆောင်ဒါရိုက်တာ (ဘဏ္ဍာရေး) အဖြစ် တာဝန်ယူ ဆောင်ရွက်ပေးလျက် ရှိပါသည်။



ဦးမျိုးသစ်အောင်သည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ M.Com ဘွဲ့ကိုလည်းကောင်း၊ RV-Singapore မှ Diploma in ESHRM ကို လည်းကောင်း၊ Diploma in Financial Reporting (UK) ကို လည်းကောင်း ရရှိခဲ့ပါသည်။

Proven Technolgy Industry Co., Ltd (PTIC) ကုမ္ပဏီသို့ ၂၀၀၁ ခုနှစ်တွင် ဘဏ္ဍာရေး မန်နေဂျာအဖြစ် စတင် ဝင်ရောက် လုပ်ကိုင်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ဒါရိုက်တာအဖြစ် ရွေးချယ်ခန့်ထားခြင်း ခံရပါသည်။ လက်ရှိ တွင် Proven Group ၏ စီမံခန့်ခွဲရေးနှင့် ငွေစာရင်း တာဝန်ကို ပူးတွဲ ဆောင်ရွက်လျက် ရှိပါသည်။

IFC နှင့် Myanmar Institute of Director (MIoD) တို့မှ ကျင်းပသည့် Corporate Governance Programme သင်တန်းကို တက်ရောက်အောင်မြင်ထားသည့် Certified Director တစ်ဦးဖြစ် ပါသည်။



ဦးအေးကိုသည် ခဲအက်ဆစ်ဘက်ထရီထုတ်လုပ်ခြင်း၊ အရည်အသွေးစီမံထိန်းသိမ်းခြင်း နှင့် နည်းပညာဖွံ့ဖြိုး တိုးတက်ရန် ဆောင်ရွက်မှုများတွင် နှစ်ပေါင်း (၂၀)ကျော် အတွေ့အကြုံရှိသူ တစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံ ဘက်ထရီထုတ်လုပ်မှုလုပ်ငန်း ပြောင်းလဲမှုတွင် ပါဝင် ဆောင်ရွက်ခဲ့သူလည်း ဖြစ်ပါသည်။

လက်ရှိတွင် Proven Polyworld Co., Ltd ၏ အုပ်ချုပ်မှု ဒါရိုက်တာ အဖြစ်တာဝန် ထမ်းဆောင်နေပြီး Proven Technology Industry Co., Ltd ၊ Yangon Metal Indsutry Co., Ltd တို့ ၏ ထုတ်လုပ်ရေး ဒါရိုက်တာ အဖြစ် ပူးတွဲ တာဝန် ထမ်းဆောင် ပေးလျက် ရှိပါသည်။

## ၂.၃ စီမံခန့်ခွဲမှု အဖွဲ့



ဦးသန့်ဇော်ဦးသည် ဒဂုံတက္ကသိုလ်မှ B.Sc (Maths)ဘွဲ့ကိုရရှိခဲ့သည်။ UMCCI နှင့် HIDA တို့ပူပေါင်းဖွင့်လှစ်သည့် စီမံခန့်ခွဲမှု သင်တန်းအား ဂျပန်နိုင်ငံတွင် တက်ရောက်အောင်မြင်ခဲ့ပါသည်။
Proven Technology Industry Co., Ltd ကုမ္ပဏီသို့ ၁၉၉၈ ခုနှစ်၌ Sale and Marketing အပိုင်းမှစတင် ဝင်ရောက် လုပ်ကိုင်ခဲ့ပြီး ရာထူး တာဝန်အမျိုးမျိုး တိုးမြှင့်ထမ်းဆောင်ခဲ့ရာ ၂၀၂၁ ခုနှစ်မှစ၍ Proven Distribution Co., Ltd ၏ Sales and Marketing ဒါရိုက်တာ အဖြစ် တာဝန် ထမ်းဆောင်လျှက်ရှိပါသည်။
Myanmar Institute of Director (MIoD) တို့မှ ကျင်းပသည့် Corporate Governance Programme သင်တန်းကို တက်ရောက်အောင်မြင်ထားသည့် Certified Director တစ်ဦးဖြစ် ပါသည်။



ဦးကျော်ညွန့်သည် Proven Group of Companies ၏ အကြံပေးပုဂ္ဂိုလ်တစ်ဦးအဖြစ် ၂၀၀၇ ခုနှစ်မှစ၍ စတင်ခန့်ထားခြင်း ခံခဲ့ရပါသည်။ ၁၉၄၁ ခုနှစ်တွင် မွေးဖွားပြီး ရန်ကုန် Methodist အထက်တန်း ကျောင်းတွင် ပညာဆည်းပူးခဲ့ပါသည်။ ၁၉၆၈ ခုနှစ်တွင် B.A ဘွဲ့ရရှိခဲ့ပြီး စာရင်းအင်း ဒီပလိုမာကိုလည်း ရရှိခဲ့ပါသည်။ Advance Accounting and Finance ဘာသာရပ်ကို အင်္ဂလန်နိုင်ငံ University of Strathclyde တွင် လေ့လာသင်ယူခဲ့ပြီး လက်မှတ်ရပြည်သူ့ စာရင်းကိုင် (CPA)၊ အာဆီယံ အသိအမှတ်ပြု လက်မှတ်ရ စာရင်းကိုင် (ACPA) နှင့် ASEAN Chartered Practising Accountant တစ်ဦး လည်း ဖြစ်ပါသည်။
၁၉၈၃ခုနှစ်တွင် စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြား ရေးမှူး ရာထူးဖြင့်လည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် ရှမ်းပြည်နယ် စာရင်း စစ်အရာရှိအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၅ခုနှစ်တွင် စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြား ရေးမှူး ရာထူးမှအငြိမ်းစားယူခဲ့ကာKyaw Nyunt & Associates ပြင်ပ စာရင်းစစ်အဖွဲ့ကို တည်ထောင်ခဲ့ပါသည်။ စွမ်းအင်၊ သတ္တုတွင်း၊ ရေကြောင်း သယ်ယူပို့ဆောင်ရေးနှင့် လူမှုဖူလုံရေး ကဏ္ဍများကို စာရင်းစစ်ဆေးခြင်းတွင် အတွေ့အကြုံ များစွာ ရှိပါသည်။
လူမှုအဖွဲ့အစည်းဆောင်ရွက်ချက်များအနေဖြင့် မြန်မာနိုင်ငံစာရင်းကောင်စီ (Myanmar Accountancy Council) ၏ ကောင်စီဝင် တစ်ဦးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူစာရင်းကိုင်များအသင်း (MICPA) ၏ နာယက တစ်ဦးအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ အကြံပေးဝန်ဆောင်မှုများအပြင် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိ အဖြစ်လည်း ဆောင်ရွက်ပေးလျက် ရှိပါသည်။ Corporate Governance စာအုပ်ကို ရေးသားသည့် စာရေးဆရာလည်း ဖြစ်ပါသည်။

## ၂.၃ စီမံခန့်ခွဲမှု အဖွဲ့



ဦးအောင်ညွန့်သည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွက် အကြံ ပေးအရာရှိအဖြစ် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လမှစ၍ ခန့်ထားခြင်း ခံခဲ့ရပါသည်။ ၁၉၄၄ ခုနှစ်တွင် မွေးဖွားပြီး မြို့မ အထက် တန်းကျောင်းတွင် ပညာဆည်းပူးခဲ့ပါသည်။ ၁၉၆၄ ခုနှစ် တွင် B. Com (Accounting)၊ ၁၉၆၅ ခုနှစ်တွင် Registered Accountant (Full-fledge) (ယခု CPA) ဘွဲ့ကို ရရှိခဲ့ပါသည်။ ၁၉၆၆ မှ ၂၀၀၇ ခုနှစ်အထိ (၄၁)နှစ်ခန့် မြန်မာ့ သစ် လုပ်ငန်း ၏ ဘဏ္ဍာရေး/ ငွေစာရင်းဌာနနှင့် စီမံကိန်း ဌာနတို့တွင် တာဝန်ထမ်း ဆောင်ခဲ့ ပြီး အထွေထွေ မန်နေဂျာ (စီမံကိန်း) ရာထူးဖြင့် အငြိမ်းစား ယူခဲ့ပါသည်။ တွဲဖက်တာဝန် အဖြစ် ၁၉၉၁ ခုနှစ်တွင် နေရှင်နယ် အင်ဒတ်စရီရယ်ဟိုလ်ဒင်းကုမ္ပဏီလီမိတက် (N I H L) (အများပိုင်ကုမ္ပဏီ) ၌ ၂နှစ် ခွဲခန့် ဒါရိုက်တာ (ဘဏ္ဍာရေး) တာဝန် ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၅ မှ ၁၉၉၆ ခုနှစ်အထိ မြန်မာ့သစ်တောထွက်ပစ္စည်း ဖက်စပ် ကော်ပိုရေးရှင်းလီမိတက် (Forest J.V) (အများပိုင် ကုမ္ပဏီ)၊ နိုင်ငံခြားဖက်စပ် မြန်မာ-ကိုးရီးယား အပြည်ပြည် ဆိုင်ရာ ကုန်သွယ်မှုကုမ္ပဏီ (MKTI)၊ မြန်မာဆီးလ် ကုမ္ပဏီ လီမိတက် (M.S.L) နှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဗဟို ဌာန ကုမ္ပဏီလီမိတက် ( I.B.C) တွင် မြန်မာ့သစ်လုပ်ငန်း၏ အချိန်ပိုင်း ဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

၂၀၀၈ မှ ၂၀၁၃ ခုနှစ်အထိ အောင်ညွန့်နှင့်အဖွဲ့ စာရင်း စစ်အမည်ဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်/ စက်မှု အသင်း ချုပ် (UMFCCI)၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်း (MES)၊ NGO-Japan Seeds Asia Project၊ ပြည်မြို့ ရွှေဆံတော် ဂေါပက ဘဏ္ဍာတော် ထိန်းအဖွဲ့၊ အပြည် ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန လီမိတက် (I.B.C)တို့ကို (၆) နှစ်ခန့် လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး စာရင်းစစ် အစီရင်ခံစာများ ထုတ်ပြန်ခဲ့ပါသည်။ အစိုးရတာဝန်ဖြင့် နိုင်ငံ (၉) နိုင်ငံတွင် ဘဏ္ဍာရေး စီမံခန့်ခွဲမှု ပညာဆွေးနွေးပွဲများ တက်ရောက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလ တွင် IFC နှင့် Myanmar Institute of Director (MIoD) တို့ ကျင်းပသည့် Audit Committee Master Programme သင်တန်းကိုလည်း တက်ရောက်ခဲ့ပါသည်။

## ၂.၄ ဒါရိုက်တာအဖွဲ့၏ ကော်မတီများ

### ၂.၄.၁ အမည်စာရင်း တင်သွင်းရေးနှင့် အခ ကြေးငွေ သတ်မှတ်ရေးကော်မတီ

အမည်စာရင်း တင်သွင်းရေးနှင့် အခကြေးငွေသတ်မှတ်ရေးကော်မတီကို အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ (၃)ဦး နှင့် အကြံပေးပုဂ္ဂိုလ် (၁)ဦး၊ စုစုပေါင်း (၅)ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်-

| အမည် | ရာထူး | တာဝန် |
|---|---|---|
| ဦးညဏ်သစ်လှိုင် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ဦးမျိုးလွင် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးကြင်ဂွမ် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးမြင့်နိုင် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးကျော်ညွန့် | အကြံပေး ပုဂ္ဂိုလ် | အဖွဲ့ဝင် |

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကာလအတွက် အမည်စာရင်းတင်သွင်းရေး နှင့် အခကြေးငွေ သတ်မှတ်ရေး ကော်မတီ အစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပနိုင်ခဲ့ပါသည်-

| ၂၀၂၃ ဧပြီလမှ ၂၀၂၄ မတ်လအထိ ကျင်းပခဲ့သည့် အစည်းအဝေး အရေအတွက် စုစုပေါင်း | ၁ |
|---|---|
| | တက်ရောက်ခဲ့သည့် အရေအတွက် |
| ဦးညဏ်သစ်လှိုင် | ၁ |
| ဦးမျိုးလွင် | - |
| ဦးကြင်ဂွမ် | ၁ |
| ဦးမြင့်နိုင် | ၁ |
| ဦးကျော်ညွန့် | ၁ |

အမည်စာရင်းတင်သွင်းရေးနှင့် အခကြေးငွေသတ်မှတ်ရေး ကော်မတီသည် အောက်ပါတာဝန်များကို ဆောင်ရွက်ခဲ့ပါသည်-

(၁) Succession Plan Policy မူကြမ်း ဆွေးနွေးခြင်း၊

(၂) အမှုဆောင်ဒါရိုက်တာများ၊ ဒါရိုက်တာများနှင့် ထိပ်တန်း စီမံခန့်ခွဲသူများအတွက် အခကြေးငွေ နှင့် အစည်းဝေးတက်ရောက်ခကြေးငွေ (Sitting Fee) ပမာဏပြင်ဆင်သတ်မှတ် ထောက်ခံပေးခြင်း၊

(၃) ၂၀၂၃-၂၀၂၄ အတွက် ဝန်ထမ်းများ သကြင်္ကန်မုန့်ဖိုး၊ တစ်လစာ Bonus နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေး နှစ်အတွက် ဝန်ထမ်းလစာ တိုးမြှင့်သတ်မှတ်ရန် အဆိုပြုခြင်း၊

(၄) ၂၀၂၂- ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အစုရှယ်ယာရှင်များ အမြတ်ခွဲဝေခြင်း၊

(၅) ဆန္ဒပြုထားသူ အစုရှယ်ယာရှင်များအနက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဌာန်းအရည်အချင်းနှင့် သင့်တော်ကိုက်ညီပြီး အတွေ့အကြုံ မြင့်မားသူများကို ဒါရိုက်တာအသစ် များ ရွေးချယ်ခန့်အပ်ခြင်း၊

## ၂.၄.၂ စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ် များ စီမံခန့်ခွဲမှု ကော်မတီ

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေရှိအန္တရာယ်များစီမံခန့်ခွဲမှု ကော်မတီကို အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ(၃)ဦး နှင့် အကြံပေး ပုဂ္ဂိုလ်(၂)ဦး၊စုစုပေါင်း(၅)ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်-

| အမည် | ရာထူး | တာဝန် |
|---|---|---|
| ဦးကျိန်မြင့် (ကိုယ်စား ဦးဌေးယု) | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ဦးစိုင်းလှဝင်း | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးမြင့်ဇော် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးကျော်ညွန့် | အကြံပေး ပုဂ္ဂိုလ် | အဖွဲ့ဝင် |
| ဦးအောင်ညွန့် | အကြံပေး ပုဂ္ဂိုလ် | အဖွဲ့ဝင် |

## ၂.၄.၂စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ် များ စီမံခန့်ခွဲမှု ကော်မတီ

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကာလတာကာလအတွက်စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိအန္တရာယ်များ စီမံခန့်ခွဲမှု ကော်မတီ အစည်းအဝေးများကို အောက်ပါ အတိုင်း ကျင်းပ နိုင်ခဲ့ပါသည်-

| ၂၀၂၃ ဧပြီလမှ ၂၀၂၄ မတ်လအထိ ကျင်းပခဲ့သည့် အစည်းအဝေး အရေအတွက် စုစုပေါင်း | ၂ |
|---|---|
| | တက်ရောက်ခဲ့သည့် အရေအတွက် |
| ဦးကျိန်မြင့် (ကိုယ်စား ဦးဌေးယု) | ၂ |
| ဦးစိုင်းလုဝင်း | ၂ |
| ဦးမြင့်ဇော် | ၂ |
| ဦးကျော်ညွန့် | ၂ |
| ဦးအောင်ညွန့် | ၂ |
| | |

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှုကော်မတီသည် အောက်ပါတာဝန်များကို ဆောင်ရွက်ခဲ့ပါသည် -

(၁) Internal Audit အဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များအပေါ် ညီနောင် ကုမ္ပဏီများက လိုက်နာ ဆောင်ရွက်မှု အခြေအနေကို ဆန်းစစ်ခြင်း၊

(၂) အခွန်ဆိုင်ရာ ဥပဒေများနှင့် ကိုက်ညီမှု ရှိ/မရှိ ဆန်းစစ်ပေးရန် တာဝန်ပေးအပ်ထားခြင်း၊

(၃) စာရင်းစစ်ဆိုင်ရာ မူဝါဒ မူကြမ်းပြုစုရန် တာဝန်ပေးအပ်ထားခြင်း၊

(၄) ဘဏ္ဍာရေးရှင်းတမ်းများကို ဒါရိုက်တာအဖွဲ့သို့ တင်ပြရန် ပြန်လည်စစ်ဆေးခြင်း၊

(၅) Risk Management ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း

## ၂.၄.၃ စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေး လုပ်ဆောင်မှု ကော်မတီ (Business Development Committee)

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုကော်မတီကို အမှုဆောင်ဒါရိုက်တာ(၂)ဦး နှင့် အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ(၄)ဦး ၊အကြံပေးပုဂ္ဂိုလ်(၁)ဦး၊ စုစုပေါင်း(၇)ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်-

| အမည် | ရာထူး | တာဝန် |
|---|---|---|
| ဦးအောင်အောင် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ဦးမြင့်ဇော် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးညဏ်သစ်လှိုင် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးဇော်မျိုးမြင့် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးသန်းထိုက်လွင် | အမှုဆောင် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးမျိုးသစ်အောင် | အမှုဆောင် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးအောင်ညွန့် | အကြံပေး ပုဂ္ဂိုလ် | အဖွဲ့ဝင် |
| | | |

| ၂၀၂၃ ဧပြီလမှ ၂၀၂၄ မတ်လအထိ ကျင်းပခဲ့သည့် အစည်းအဝေး အရေအတွက် စုစုပေါင်း | ၆ |
|---|---|
| | တက်ရောက်ခဲ့သည့် အရေအတွက် |
| ဦးညဏ်သစ်လှိုင် | ၆ |
| ဦးမြင့်ဇော် | ၆ |
| ဦးအောင်အောင် | ၆ |
| ဦးဇော်မျိုးမြင့် | ၆ |
| ဦးသန်းထိုက်လွင် | ၆ |
| ဦးမျိုးသစ်အောင် | ၆ |
| ဦးအောင်ညွန့် | ၆ |
| | |

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုကော်မတီသည် အောက်ပါတာဝန်များကို ဆောင်ရွက်ခဲ့ပါသည်-

(၁) Proven Group of Companies ၏ Future Head Office ဆိုင်ရာ ကိစ္စရပ်များအပေါ် ညှိနှိုင်း ဆောင်ရွက်ခဲ့ခြင်း။

(၂) လုပ်ငန်းများ တည်တံ့ခိုင်မြဲရေးနှင့် တိုးတက်ရေး ကုမ္ပဏီ၏ လုပ်ငန်းနှင့် ထုတ်ကုန်တိုးချဲ့မှု၊ နည်းပညာ နှင့် နည်းစနစ်များ ပြောင်းလဲမှု၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆိုင်ရာ ကိစ္စရပ်များအပေါ် ညှိနှိုင်း ဆောင်ရွက်ခဲ့ခြင်း။

## ၂.၄.၄ စီးပွားရေး စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကော်မတီ (Business Continuity Committee)

စီးပွားရေး စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်-

| ဖြန့်ဖြူးရေးကဏ္ဍ | ထုတ်လုပ်ရေး(စက်ရုံ) |
|---|---|
| ၁။ အုပ်ချုပ်မှုဒါရိုက်တာ | ၁။ အုပ်ချုပ်မှုဒါရိုက်တာ |
| ၂။ ဒါရိုက်တာ (စီမံ နှင့် ငွေစာရင်း) | ၂။ ဒါရိုက်တာ (စီမံ နှင့် ငွေစာရင်း) |
| ၃။ အထွေထွေမန်နေဂျာ | ၃။ ဒါရိုက်တာ (ထုတ်လုပ်ရေး) |
| ၄။ မန်နေဂျာ (စီမံ) | ၄။ စက်ရုံမန်နေဂျာ |
| ၅။ မန်နေဂျာ (လူ့စွမ်းအားအရင်းအမြစ်) | ၅။ မန်နေဂျာ (စီမံ) |
| ၆။ မန်နေဂျာ (အရောင်း) | ၆။ မန်နေဂျာ (လူ့စွမ်းအား အရင်းအမြစ်) |
| ၇။ မန်နေဂျာ (ငွေစာရင်း) | ၇။ မန်နေဂျာ (ထုတ်လုပ်ရေး) |
| ၈။ စီမံခန့်ခွဲမှု ကိုယ်စားလှယ် | ၈။ စာရင်းကိုင် |
| | ၉။ စီမံခန့်ခွဲမှု ကိုယ်စားလှယ် |

စီးပွားရေး စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကော်မတီသည် အောက်ပါတာဝန်များကို ဆောင်ရွက်ခဲ့ပါသည် -

(၁) ရေးဆွဲထားခဲ့သည့် စီးပွားရေး စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးဆိုင်ရာစီမံချက် (Business Continuity Plan- BCP)များ ပြန်လည် ပြင်ဆင်ရေးဆွဲခြင်း၊

# အခန်း (၃)
# Corporate Social Responsibility



# ကော်ပိုရိတ် လူမှုတာဝန်

ကော်ပိုရိတ်လူမှုတာဝန်(CSR) သည် ကုမ္ပဏီတစ်ခုအနေဖြင့် ၎င်းကိုယ်တိုင်၊ ၎င်း၏ Stakeholders များနှင့် အများပြည်သူ တို့အပေါ် လူမှုတာဝန်ခံမှု ရှိလာစေရန် အထောက်အကူပြုသည့် ကိုယ်တိုင် စည်းကမ်းသတ်မှတ် ဆောင်ရွက်သည့် လုပ်ဆောင်ချက် ပုံစံတစ်ရပ် (Self-Regulating Business Model) ဖြစ်ပါသည်။

လူအများစုအနေဖြင့် လူမှုအဖွဲ့အစည်းအတွက် ကောင်းကျိုးများဆောင်ရွက်ပေးသည့် လုပ်ငန်းများကိုသာ ရွေးချယ်၍ အလုပ်အကိုင် လုပ်ကိုင်တတ်ခြင်း၊ အဆိုပါလုပ်ငန်းအပေါ် အားပေးထောက်ခံခြင်းကြောင့် ကော်ပိုရိတ်လူမှုတာဝန်(CSR) သည် ကုမ္ပဏီတစ်ခု၏ ပုံရိပ်နှင့် ဂုဏ်သတင်းကို မြှင့်တင်ရန် အထောက် အကူပြုပါသည်။

ကော်ပိုရိတ်လူမှုတာဝန် (CSR) အမျိုးအစားများစွာရှိကြရာတွင် ပရဟိတဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ၊ စေတနာ့ဝန်ထမ်းဆိုင်ရာ လုပ်ဆောင်ချက်များ၊ သဘာဝပတ်ဝန်းကျင် နှင့် ရေရှည် တည်တံ့ခိုင်မြဲရေးဆိုင်ရာ စဦး ဆောင်ရွက်ချက်များ နှင့် လူသားချင်း စာနာမှုဆိုင်ရာ ဆောင်ရွက်ချက်တို့အဓိကပါဝင်ကြောင်း သက်ဆိုင်ရာ ကုမ္ပဏီများ၊ စီးပွားရေး လုပ်ငန်းများ၏ လုပ်ဆောင်ချက်များအရ မြင်တွေ့ရပါသည်။

## ၃.၁ Proven Group of Companies ၏ ကော်ပိုရိတ်လူမှုတာဝန် (CSR)

Proven Group of Companies ၏ လုပ်ငန်းအသီးသီးက စုဆောင်းရရှိလာသည့် အကျိုးအမြတ်များကို ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကဏ္ဍများ၌ အမှန်တကယ် လိုအပ်ချက်ရှိနေသည့် လူမှုအကျိုးပြုမှု ဆောင်ရွက်ချက်များ တွင် ဝန်ထမ်းများ၏ သားသမီးများအပါအဝင် သက်ဆိုင်သူအားလုံးအတွက် စနစ်တကျ ကာလတို၊ ကာလရှည် စီမံကိန်းများ နှင့် လျာထားသုံးစွဲ ငွေများကို သတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Proven Group of Companies အနေဖြင့် အောက်ပါ ယန္တရားအဆင့်များအတိုင်း ကော်ပိုရိတ်လူမှုတာဝန် (CSR)များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

(က) မူဝါဒရေးရာ ဦးဆောင်ကော်မတီ (Steering Committee)

မူဝါဒရေးရာ ဦးဆောင်ကော်မတီ (Steering Committee)တစ်ရပ်ကို အောက်ပါ ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်-

(၁) Proven Group of Companies အပါအဝင် သက်ဆိုင်ရာ ညီနောင်ကုမ္ပဏီများ၏ ကော်ပိုရိတ် လူမှုတာဝန် (CSR)ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် တာဝန်ခံ ကြီးကြပ် လမ်းညွှန်မှုပေးသည့် ဦးဆောင်ကော်မတီတစ်ရပ်အဖြစ် တာဝန်ယူဆောင်ရွက်သွားရန်၊

(၂) Group of Companies၏ ကော်ပိုရိတ် လူမှုတာဝန် (CSR) ဆိုင်ရာ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ အပေါ် Proven Group of Companies အပါအဝင် သက်ဆိုင်ရာ ညီနောင် ကုမ္ပဏီများတွင် တပြေးညီ ရှိနေစေရေး ညှိနှိုင်းဆောင်ရွက် သွားနိုင်စေရန်၊

(၃) Group of Companies၏ ကော်ပိုရိတ် လူမှုတာဝန် (CSR) ဆိုင်ရာ ပုံရိပ်ကောင်း တည်ဆောက်နိုင်စေရန်နှင့် အရှည်တည်တံ့အောင် ထိမ်းသိမ်းပေးနိုင်စေရန်။

(ခ) လုပ်ငန်းဆောင်ရွက်မှုအဖွဲ့ (Task Force)

လုပ်ငန်းဆောင်ရွက်မှု အဖွဲ့ (Task Force)အား သက်ဆိုင်ရာ ညီနောင် ကုမ္ပဏီများအလိုက် အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်-

| | | |
|---|---|---|
| (ကက) | မန်နေဂျာ(စီမံရေးရာ) | ဥက္ကဌ |
| (ခခ) | မန်နေဂျာများ | အဖွဲ့ဝင် |
| (ဂဂ) | မန်နေဂျာ (လူ့စွမ်းအား ရင်းမြစ်) | အတွင်းရေးမှူး |

## ၃.၂ ကော်ပိုရိတ် လူမှုတာဝန် လုပ်ငန်းများ

Proven Group of Companies အနေဖြင့် ကုမ္ပဏီစတင်တည်ထောင်စဉ် ကာလကပင် စတင်၍ ကော်ပိုရိတ်လူမှု တာဝန်များဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါ ကော်ပိုရိတ် လူမှုတာဝန်များ ဆောင်ရွက်ခဲ့ပါသည် -

(က) ကမ္ဘာ့ပတ်ဝန်းကျင်နေ့ဆိုင်ရာ ဆောင်ရွက်ခြင်း

၅-၆-၂၀၂၃ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်နေ့အား ကြိုဆိုဂုဏ်ပြုသည့် သဘောဖြင့် လည်းကောင်း၊ ကျောင်းပတ်ဝန်းကျင် သာယာလှပစေရန်လည်းကောင်းရည်ရွယ်၍ ရွှေပြည်သာမြို့နယ်၊ အမက (၂၄)တွင် Proven Group of Companies ၏ CEO ဦးဆောင်လျက် အရောင်း ကိုယ်စားလှယ်တော်ကြီးများ၊ ညီနောင်ကုမ္ပဏီများမှ တာဝန်ရှိသူများ ဝန်ထမ်းများနှင့်အတူ ခရေ၊ သပြေနှင့် ကံ့ကော်ပင်များအား စုပေါင်းစိုက်ပျိုးခဲ့ပါသည်



(ခ ) ဝန်ထမ်း သား/သမီးများ ပညာရေးဆိုင်ရာ ထောက်ပံ့ခြင်းနှင့် စာသင်ကျောင်းများသို့ လှူဒါန်းခြင်း

၂၀၂၃-၂၀၂၄ ပညာသင်နှစ်သို့ တက်ရောက်မည့် Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီများမှ ဝန်ထမ်းများ၏ သား/သမီး (၁၁၇)ဦးအား ဗလာစာအုပ်၊ခဲတံ၊ ထမင်းချိုင့် မိုးကာစသည်တို့အား Proven Group of Companies ၏ CEO က ပေးအပ်ခဲ့ပါသည်။



ရွှေပြည်သာ မြို့နယ်၊ အမက (၂၄)တွင် စာသင်သားများအတွက် သင်ကြားရေးအထောက်အပံ့ ဖြစ်စေရန် တန်ဖိုး (၅၀)သိန်းကျပ်တန် စာသင်စားပွဲခုံနှင့်ထိုင်ခုံများအားလည်းကောင်း၊ Proven Group of Companies ၏ညီနောင်ကုမ္ပဏီ တစ်ခုဖြစ်သည့် Yangon Metal Industry Co., Ltd အနေဖြင့် ၂၇-၂-၂၀၂၄ ရက်နေ့ တွင် မြောင်းတကာစံပြကျေးရွာ အထက်တန်း ကျောင်းသို့ တန်ဖိုး (၅၆)သိန်းကျပ်တန် မိတ္တူစက် နှင့် Copier Papers ပေးအပ် လှူဒါန်းခဲ့ပါသည်။





(ဂ ) စုပေါင်းသွေးလှူဒါန်းခြင်း

Proven Group of Companies နှင့် ညီနောင် ကုမ္ပဏီများမှ စေတနာရှင် ဝန်ထမ်းများ စုပေါင်း၍ ရန်ကုန် အမျိုးသားသွေးလှူ ဘဏ်တွင် ၁-၃-၂၀၂၄ ရက်နေ့၌ စုပေါင်းသွေးလှူဒါန်း ခဲ့ကြပါသည်။






# အခန်း (၄)
# Sustainability



## ၄.၁ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ မဟာဗျူဟာ

Proven Group of Companies သည် အသုံးပြုပြီးသည့် ခဲများအား ပြန်လည် သန့်စင်ခြင်း၊ ခဲ-အက်စစ် ဘက်ထရီထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ပလတ်စတစ် Injection နှင့် Blow Moulding ဆိုင်ရာ လုပ်ငန်း၊ ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ လုပ်ငန်း၊ မော်တော်ယာဉ် အပိုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးခြင်းကို လုပ်ဆောင်နေသည့် ကုမ္ပဏီအဖွဲ့စု တစ်ရပ်ဖြစ်ခြင်းကြောင့် အဆိုပါလုပ်ငန်းများနှင့် ကိုက်ညီသည့် အောက်ပါ မဟာဗျူဟာ (၅)ရပ်ကို ချမှတ်ထားပါသည်-

(၁)သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှု (Environmental Stewardship)
(၂)တာဝန်ယူမှုရှိသည့် ထောက်ပံ့ဖြည့်စည်ရေး (Responsible Supply Chain)
(၃)လူမှုအဖွဲ့စည်းဆိုင်ရာ ထိတွေ့မှု (Community Engagement)
(၄)ဆန်းသစ်မှုနှင့် စဉ်ဆက်မပြတ်တိုးတက်ဖြစ်ထွန်းမှု (Innovation andContinuousImprovement)
(၅)ပွင့်လင်းမြင်သာရှိမှုနှင့် တာဝန်ယူမှုတာဝန်ခံမှု (Transparency and Accountability)

## ၄.၂ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ (Environment)

PROVEN GROUP OF COMPANIESသည် ဘက်ထရီထုတ်လုပ်ခြင်း၊ အသုံးပြုပြီးသည့် ခဲများအား ပြန်လည် သန့်စင်ခြင်းစသည့် လက်ရှိစီးပွားရေးလုပ်ငန်းများကြောင့် အောက်ပါအဓိကအကြောင်းအရာများဖြင့် သဘာဝ ပတ်ဝန်းကျင် အပေါ် ထိခိုက်နိုင်သည်ဟု သတ်မှတ်ထားပါသည်-

(က) ဖန်လုံအိမ်ဓါတ်ငွေ့ (Green House Gas) ထုတ်လွှတ်မှု
(ခ) စွမ်းအင်သုံးစွဲမှု
(ဂ) စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့် ဓါတုပစ္စည်းများ ယိုဖိတ်မှု
(ဃ) လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်လေထုအရည်အသွေး စွန့်ထွက်ရေးစီမံခန့်ခွဲမှု

# ၄.၂ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ (Environment)

## ၄.၂.၁ ဖန်လုံအိမ် ဓါတ်ငွေ့(Green House Gas) ထုတ်လွှတ်မှု

Proven Group of Companies ၏ ဘက်ထရီထုတ်လုပ်ခြင်း၊ အသုံးပြုပြီးသည့် ခဲများအား ပြန်လည်သန့်စင်ခြင်း လုပ်ငန်းများ အပါအဝင် စီးပွားရေးလုပ်ငန်းများကြောင့် ထွက်ရှိလာသည့် ဖန်လုံအိမ် ဓါတ်ငွေ့ ထုတ်လွှင့်မှုအား ၂၀၁၂ ခုနှစ် ပတ်ဝန်းကျင် ထိမ်းသိမ်းကာကွယ်ရေး ဥပဒေ ပြဌာန်းချက်ပါ စံသတ်မှတ်ချက်များ နှင့် ကိုက်ညီအောင် လုပ်ငန်းခွင်တိုင်းက အလေးထား ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ဧပြီလမှ ၂၀၂၄ မတ်လအထိ ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှင့်မှု အောက်ပါအတိုင်းဖြစ်ပြီး လက်ရှိအနေ အထားအရ သဘာဝပတ်ဝန်းကျင်ပေါ် ထိခိုက်သက်ရောက်မှုမရှိကြောင်းတွေ့ရှိရပါသည်-


2,542 Tons $CO_2$ Eq



## ၄.၂.၂ စွမ်းအင် သုံးစွဲမှု

Proven Group of Companies ၏ လုပ်ငန်းခွင်တိုင်းကစွမ်းအင်သုံးစွဲမှုအပေါ် အလေးထား ဆောင်ရွက်လျက်ပြီး ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်သုံး လျှပ်စစ်ထုတ်ယူမှုကိုလည်း သုံးစွဲ လုပ်ဆောင်နေခြင်းကြောင့် ၂၀၂၃ ဧပြီလမှ ၂၀၂၄ မတ်လအထိ စွမ်းအင်သုံးစွဲမှု အောက်ပါအတိုင်းဖြစ်ပြီး လက်ရှိ အနေ အထားအရ သဘာဝပတ်ဝန်းကျင်ပေါ် ထိခိုက်သက်ရောက်မှု မရှိကြောင်း တွေ့ရှိရပါသည်-

8,069,481 KWh



# ၄.၂ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ (Environment)

## ၄.၂.၃ စွန့်ပစ် ပစ္စည်း စီမံခန့်ခွဲမှုနှင့် ဓါတု ပစ္စည်းများ ယိုဖိတ်မှု

Proven Group of Companies အနေဖြင့် ထုတ်လုပ်မှုနှင့် ပြုလုပ်မှု လုပ်ငန်းစဉ်မှ ထွက်ရှိလာသည့် အောက်ပါ စွန့်ထွက်ပစ္စည်းများအပေါ် Group of Companies ကလက်ရှိကျင့်သုံးလျက်ရှိသည့် ISO-14001 အပါအဝင် တည်ဆဲ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေပြဌာန်းချက်များ၊ အမိန့်ညွှန်ကြားချက်များ နှင့်အညီ သတ်မှတ်ထားသည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ် နှင့်အညီ စီမံခန့်ခွဲ ဆောင်ရွက်နေပါသည်-

(က) ခဲအပါအဝင် အန္တရာယ်ရှိသည့် စွန့်ပစ်ပစ္စည်း (Hazardous Waste inclduing Lead Waste)

(ခ) စက္ကူ စွန့်ပစ်ပစ္စည်း (Paper Waste)


(ဂ) ပလတ်စတစ် စွန့်ထွက်ပစ္စည်းများ (Plasitc Wastes)


## ၄.၂.၄ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် လေထု အရည်အသွေးနှင့် စွန့်ထွက်ရေ စီမံခန့်ခွဲမှု

Proven Group of Companies ၏ ဘက်ထရီထုတ်လုပ်ငန်းခွင်များ၊ ခဲပြန်လည် သန့်စင်ခြင်း လုပ်ငန်းခွင်များတွင် ပြုလုပ်မှု လုပ်ငန်းစဉ်များကြောင့် အလုပ်သမားများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ထိခိုက်မှု မရှိအောင် လုပ်ငန်းခွင်အတွင်း လေထုအရည်အသွေးအား လည်ကောင်း ၊ အဆိုပါ ပြုလုပ်မှု လုပ်ငန်းစဉ်များကြောင့် ထွက်ရှိလာသည့် သက်ရောက်မှုများကြောင့် သဘာဝပတ်ဝန်းကျင် လေထုအရည်အသွေးအား ၂၀၁၅ခုနှစ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီစေရန် လုပ်ဆောင်ထားပါသည်။

ထို့နည်းတူ ထုတ်လုပ်မှု လုပ်ငန်းစဉ် တစ်လျှောက် နှင့် အခြားနည်းလမ်းများဖြင့် အသုံးပြုသည့် ရေများအား တည်ဆဲ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများအရ ထုတ်ပြန်ထားသည့် ရေထုအရည်အသွေး သတ်မှတ်ချက်များ အတိုင်းရရှိအောင် ပြန်လည်သန့်စဉ်စေသည့် စနစ်တစ်ရပ်ဖြင့် ပြန်လည်သန့်စင်ပြီး ရရှိလာသည့် ရေများအား လုပ်ငန်းခွင်အတွင်း နှင့် အပင်များ လောင်းခြင်းတွင် ပြန်လည်အသုံးပြုပါသည်။







## ၄.၂.၅ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ (Environment) ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင် နှင့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ထားမှု အခြေအနေ

| | |
|---|---|
| 6 CLEAN WATER AND SANITATION | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့်ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
| PROVEN GROUP OF COMPANIES ၏စက်ရုံများတွင် ပြုလုပ်မှု လုပ်ငန်းစဉ်မှ ထွက်ရှိ လာသည့် ရေများအား ရေဆိုးသန့်စင်စနစ်ဖြင့် သန့်ရှင်းအောင်ဆောင်ရွက်ခြင်း၊ လုပ်ငန်းသုံး ဓါတု ပစ္စည်းများကြောင့် ရေ၊လေထုနှင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ချက် များဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ် (၆) ပါ ရည်မှန်းချက်များနှင့် ကိုက်ညီ အောက် ဆောင်ရွက်ခဲ့ ပါသည်။ | ၆.၃ |

| | |
|---|---|
| 9 INDUSTRIES, INNOVATION AND INFRASTRUCTURE | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့်ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
| PROVEN GROUP OF COMPANIES သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုရှိသည့် လုပ်ငန်းစုတစ်ရပ်ဖြစ်ရန်၊ ရင်းမြစ်များ ထိရောက်စွာ အသုံးချမှု (Resource Efficiency) လုပ်ငန်းခွင်များ ဖြစ်နေ စေရန် မူဝါဒများ ဆောင်ရွက်ပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ်(၉)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီ အောင် ဆောင်ရွက်ခဲ့ ပါသည်။ | ၉.၂<br>၉.၄ |

| | |
|---|---|
| 11 SUSTAINABLE CITIES AND COMMUNITIES | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့်ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
| PROVEN GROUP OF COMPANIES နှစ်စဉ် ပြောင်းလဲ နေသည့် စားသုံးသူဆိုင်ရာနှုန်းထားနှင့် ကိုက်ညီအောင် လုပ်ခလစာများအား ပြင်ဆင်သတ်မှတ် ပေးခြင်း၊ ဝင်ငွေရရှိမှုခိုင်မာအောင် ဆောင်ရွက်ပေးခြင်း၊ ဝန်ထမ်းများအနေဖြင့် ဘေးကင်းလုံခြုံပြီး ကျန်းမာသန့်ရှင်းစွာ နေထိုင် သည့် နှုန်းထားသင့်တော်သော အိုးအိမ် ဝယ်ယူနိုင်ရေး အတိုးမပါသည့် ချေးငွေများ သတ်မှတ် ဆောင်ရွက်ပေးခြင်း၊ အခြားအကြောင်းများကြောင့် ဖြစ်ပေါ်သည့် ငွေကြေးပိုင်း ဆိုင်ရာ အကြပ်အတည်းများကို အတိုးမဲ့လစဉ်အရစ်အကျဖြင့်ပေးဆပ်နိုင်သည့် ချေးငွေများ ရယူနိုင်စေရန် ဆောင်ရွက်ထားပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ်(၁၁)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ ပါသည်။ | ၁၁.၁<br>၁၁.၅ |

| | |
|---|---|
|  | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့်ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
| PROVEN GROUP OF COMPANIES တွင် ပါဝင်သည့် စက်ရုံများ၊ လုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု ISO 14001 ရယူထားပြီး မိမိတို့၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်ကြောင့်လည်းကောင်း၊ အသုံးပြုသည့် ဓါတုပစ္စည်းများကြောင့်လည်းကောင်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ထိရောက်ကောင်းမွန်သည့် သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုစနစ်တစ်ရပ်ထူထောင်ထားပြီးဆောင်ရွက်နေခြင်း၊ စွန့်ထွက် ပစ္စည်းများ လျော့ကျ အောင် ရည်းမှန်းချမှတ် လုပ်ဆောင်ခြင်း၊ GROUP OF COMPAINES လုပ်ငန်းစဉ်အတွက် ဝယ်ယူမှုများအား သဘာပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် ရင်းမြစ် ဆိုင်ရာထိရောက်မှု ရှိ စေရေး လုပ်ဆောင်ပေးနေခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက် ညီသည့် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်အမှတ်(၁၂)ပါရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ ပါသည်။ | ၁၂.၂<br>၁၂.၄<br>၁၂.၅<br>၁၂.၆<br>၁၂.၇ |

## ၄.၃ လူမှုရေးဆိုင်ရာ (Social)

### ၄.၃.၁ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး

Proven Group of Companies သည် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး စပ်လျဥ်းပြီး နိုင်ငံတကာ စံနှုန်းဖြစ်သည့် ISO-45001 အသိမှတ်ပြု လက်မှတ်ရယူထားသည့် အပြင် တည်ဆဲ ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေ၊ ၂၀၁၉ခုနှစ်၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ ဥပဒေ သတ်မှတ်ချက်များနှင့် အညီလိုက်နာ ဆောင်ရွက်လျက်ရှိပါသည်။

အလွန်ပြင်းထန်နှင့် သေဆုံး အဆင့် လုပ်ငန်းခွင်ထိခိုက်မှုများ (Zero Major and Fatal Accidents) မရှိစေရေး အစဉ်အလေးအနက် တစ်ခုတ်တရ ဆောင်ရွက်သည့် ကုမ္ပဏီအစုအဖွဲ့တစ်ခုဖြစ်ခြင်းကြောင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လုပ်ငန်းခွင် အခြေအနေများအား ဖန်တီးပေးရေး၊ မြှင့်တင်ပေးနိုင်ရေး အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

(က) သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းဌာနများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီများအား ဖွဲ့စည်းခြင်း၊

(ခ ) အဆိုပါ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီများအား ဌာန မန်နေဂျာများ က အလှည့်ကျ ဥက္ကဌ အဖြစ် တာဝန်ယူဆောင်စေခြင်း။

(ဂ ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်ပိုရိတ် လေ့ကျင့်သင်ကြားမှု ဆောင်ရွက်ပေးခြင်း၊

Proven Group of Companies အတွင်း ၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် မတ်လ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းခွင် ထိခိုက်မှု အောက်ပါအတိုင်း ဖြစ်ပေါ်ခဲ့ပါသည်-

(က) ရှေးဦးသူနာပြု အဆင့်ထိခိုက်မှု (၉)မှု
(ခ ) သာမန်အဆင့် ထိခိုက်မှု (၆)မှု
(ဂ ) ပြင်းထန်အဆင့် ထိခိုက်မှု (၂)မှု
(ဃ) အလွန်ပြင်းထန်အဆင့် ထိခိုက်မှု (-)မှု

၂၀၂၃ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် မတ်လ ဘဏ္ဍာရေးနှစ်အတွက် Proven Group of Companies တွင် အလွန်ပြင်းထန်အဆင့်နှင့် အသက်သေဆုံးသည့်အဆင့် လုပ်ငန်းခွင် ထိခိုက်မှုဖြစ်ပေါ်ခဲ့ခြင်းမရှိပါ။

## ၄.၃.၂ အလုပ်သမား အခွင့်အရေးများ

### (က) လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခြင်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့က ချမှတ်ထားပြီး မြန်မာနိုင်ငံက အတည်ပြုလိုက်နာ ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် ပြဋ္ဌာန်းချက်များအတိုင်း Proven Group of Companies အနေဖြင့် လုပ်ငန်းခွင်များတွင် လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ပြဋ္ဌာန်းချက်များအနက် လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခြင်းအပေါ် ၂၀၁၁ ခုနှစ်၊ အလုပ်သမား အဖွဲ့အစည်းများ ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့် အညီ သက်ဆိုင်ရာ လုပ်ငန်းခွင်တိုင်းတွင် အခြေခံအလုပ်သမားအဖွဲ့အစည်းများအား လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်ခွင့် ပေးထားပါသည်။

### (ခ ) ကလေးအလုပ်သမား

Proven Group of Companies သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ရရှိလျက် ကျင့်ဝတ်သိက္ခာ နှင့် ညီညွတ်သည့် ကုမ္ပဏီအဖွဲ့စုတစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်နေခြင်းကြောင့် ကျင့်ဝတ်နှင့်လျော်ညီမှု မရှိသည့် ကလေးအလုပ်သမား ခိုင်းစေခြင်းအပေါ် မည်သည့် လုပ်ငန်းခွင်တိုင်းတွင်မဆို ကလေးလုပ်သား အသုံးပြုခြင်းကို လုံးဝတားမြစ်ထားပါသည်။

ထို့အပြင် Proven Group of Companies ၏ ကုန်ကြမ်းတင်သွင်းမှု ကွင်းဆက် (Supply Chain) တစ်လျှောက်၏ Supplier များအား Supplier Codes of Conduct ပြဋ္ဌာန်းပေးပြီး အဆိုပါ Codes of Conduct အရ ကလေးလုပ်သား အသုံးပြုခြင်းကို တင်းကျပ်စွာ တားမြစ်ထားပါသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ကလေးလုပ်သား ခိုင်းစေခဲ့သည့် ဖြစ်စဉ်မရှိခဲ့ပါ။

**( ဂ ) အဓမ္မခိုင်းစေမှု**

Proven Group of Companies အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ရလျက် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သည့် ကုမ္ပဏီအဖွဲ့စုတစ်ရပ်အဖြစ် ရပ်တည် ဆောင်ရွက်နေခြင်းကြောင့် ကျင့်ဝတ် နှင့်လျော်ညီမှုမရှိသည့် အဓမ္မခိုင်းစေမှုအား ကျင့်သုံးခြင်းအပေါ် လုံးဝတားမြစ်ထားပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေး နှစ်အတွင်း အဓမ္မခိုင်းစေခြင်းဆိုင်ရာ ဖြစ်စဉ်မရှိခဲ့ပါ။

**(ဃ) အလုပ်ချိန်၊ အချိန်ပို၊ လုပ်ခလစာ**

Proven Group of Companies အနေဖြင့် တည်ဆဲ အလုပ်သမားရေးရာ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း အလုပ်ချိန်၊ အချိန်ပိုလုပ်ကိုင်ခြင်းများအား တိတိကျကျ လိုက်နာဆောင်ရွက်ပါသည်။ ကုမ္ပဏီအဖွဲ့စုအဖြစ် စတင် တည်ထောင်သည့်အချိန်မှစ၍ ယခုအချိန်ထိ အလုပ်ချိန်၊ အချိန်ပို လုပ်ကိုင်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များအပေါ် ဖောက်ဖျက်မှုကြောင့် အရေးယူခံရသည့် ဖြစ်စဉ်မျိုး ဖြစ်ပွားခဲ့ခြင်း မရှိခဲ့ပါ။

လုပ်ခ လစာနှင့် စပ်လျဉ်းပြီး မျှတသည့် လုပ်ခလစာ (Fair Wage) ဖြစ်ရေး အစဉ်အလေးပြု ဆောင်ရွက်ထား ပါသည်။ ပြောင်းလဲနေသည့် စားသုံးသူဆိုင်ရာ အညွှန်းကိန်းများအပေါ် အခြေပြု၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဝန်ထမ်းများ၏ လစာ တိုးမြှင့်ပေးနိုင်ခဲ့ပါသည်။

ထို့အပြင် Incentive အနေဖြင့် annual performance bonus များကိုပါ သက်ဆိုင်ရာ ကုမ္ပဏီအလိုက် ခံစားခွင့် ပြုပေးနိုင်ခဲ့ပါသည်။

## ၄.၃.၃ လူ့စွမ်းအား ရင်းမြစ်

ထက်မြက်ကျွမ်းကျင်ပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် လူ့စွမ်းအား အဖွဲ့အစည်းတစ်ရပ်အဖြစ်အမြဲတည်ရှိနေစေရန်ဆိုသည့် လူ့စွမ်းအားရင်းမြစ်ဆိုင်ရာ မူဝါဒနှင့်အညီ Proven Group of Companies ဝန်ထမ်းများ အတွက် လေ့ကျင့်သင်ကြားပေးရေး အခြေအနများစွာကို ဖန်တီးပေးထားပါသည်။
သို့ဖြစ်၍ ဝန်ထမ်းများအားလုံးသည် နှစ်စဉ် စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့်သင်တန်းများအပါအဝင် အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းများ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး သင်တန်းများ၊ ISO၊ စီးပွားရေး ကျင့်ဝတ်များနှင့် သက်ဆိုင်သည့် သင်တန်းများအား တက်ရောက် သင်ယူခွင့် ရရှိခဲ့ကြပါသည်။

Proven Group of Companies သည် လူ့စွမ်းအား ရင်းမြစ်ဆိုင်ရာအပေါ် အောက်ပါအခြေအနေ အတိုင်း ရရှိအောင် ဆောင်ရွက်ရန် ရည်မှန်းချက်ချမှတ်ထားပါသည်-

(က) အမြဲခန့်ဝန်ထမ်း အလုပ်နှုတ်ထွက်မှု နှုန်းထားအား (၁.၅%) အောက်ရှိနေစေရန်၊

(ခ ) ပျက်ကွက်မှုနှုန်းထားအား (၅%) အောက်ရှိနေစေရန်၊
၂၀၂၃ခုနှစ် ဧပြီလမှ -၂၀၂၄ ခုနှစ် မတ်လ အထိ Proven Group of Companies ကုမ္ပဏီ အဖွဲ့စု တစ်ရပ်လုံး၏ လူ့စွမ်းအားရင်းမြစ်ဆိုင်ရာ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်

| | |
|---|---|
| အမြဲခန့်ဝန်ထမ်း | ၈၅% |
| စုစုပေါင်း ဝန်ထမ်း | ၁,၂၀၀ + |
| အလုပ်နှုတ်ထွက်မှု နှုန်းထား | ၃% |
| အမျိုးသမီး ဝန်ထမ်းများ | ၂၈% + |
| လေ့ကျင့်သင်ကြားပေးခဲ့မှုများ | ၄၉၀ + နာရီ |
| ပျက်ကွက်မှုနှုန်းထား | ၃% |

## ၄.၃.၃.၁ Employee Engagement Survey ကောက်ယူခြင်း

Proven Group of Companies အနေဖြင့် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေတွင် သော်လည်းကောင်း၊ Group မှ ဆောင်ရွက်နေသည့် Corporate Governance အပါအဝင်လုပ်ဆောင်ချက်များ၊ ချမှတ်ထားသည့် စည်းကမ်းများပေါ်တွင်လည်းကောင်း၊ ဝန်ထမ်းများအနေဖြင့် ပူးပေါင်းပါဝင်လိုမှု၊ ပါဝင်ဆောင်ရွက်လိုမှု၊ Group of Companies တွင် အချိန်ကြာမြင့်စွာ လက်တွဲတာဝန်ထမ်းဆောင်လိုမှုများ အပေါ် Job Net Group နှင့် ပူးပေါင်း၍ Assistant Supervisor Level နှင့်အထက် ရာထူးရှိသည့် ဝန်ထမ်းပေါင်း (၂၀၉) ဦးတို့အား ၂၀၂၄ ခုနှစ်၊ မတ်လတွင် စစ်တမ်းကောက်ယူခဲ့ပါသည်။
စစ်တမ်းအရ အောက်ပါအချက်များသိရှိရပါသည် -

(က) ဝန်ထမ်းများအနေဖြင့် လက်ရှိအခြေအနေအပေါ် ကျေနပ်လက်ခံကြောင်း၊

(ခ) Group of Companies တွင် ရေရှည်လုပ်ကိုင်လိုကြောင်း၊

(ဂ) အလုပ်ပတ်ဝန်းကျင်ကောင်းမွန်မှုရှိကြောင်း၊

(ဃ) ကုမ္ပဏီအနေဖြင့် ဝန်ထမ်းများအပေါ်တွင် အသိအမှတ်ပြုမှုရှိကြောင်း၊

## ၄.၃.၄ လူမှု ကာကွယ်စောင့်ရှောက်မှု (Social Protection)

Proven Group of Companies သည် လူမှု ကာကွယ်စောင့်ရှောက်ပေးရေး ဆိုင်ရာ ဆောင်ရွက်ချက်များအား အောက်ပါအတိုင်း လုပ်ဆောင်ပေးနေပါသည်-

(က) ဝန်ထမ်းများအား လူမှုဖူလုံရေးစီမံကိန်းတွင် မှတ်ပုံတင်ပေးခြင်း၊
(ခ ) စက်ရုံများတွင် ဆေးခန်းများ ဖွင့်လှစ်ပေးခြင်း၊
(ဂ ) ကျန်းမာရေး နှစ်စဉ် စစ်ဆေးပေးခြင်း၊
(ဃ) အတိုးမဲ့ ချေးငွေများ ထုတ်ချေးပေးခြင်း၊
(င ) နို့၊ ငှက်ပျောသီးနှင့် သန့်ရှင်း လတ်ဆတ်သော အစားအစာများ ဖြည့်စွက်စာအဖြစ် ကျွေးမွေးခြင်း၊
Proven Group of Companies သည် မည်သည့်အခွင့်အရေးဆိုင်ရာ ပြန်လည်ရရှိရန် မျှော်မှန်း လုပ်ဆောင်ချက်များ မပါရှိစေရေး မူဝါဒချမှတ်ပြီး အောက်ပါလူမှုရေးရာနှင့် ပရဟိတ ဆောင်ရွက်ချက်များအား ဆောင်ရွက်ပါသည်-
(စ) ဆေးရုံတက် လူနာများအား နေ့ခင်းစာ လှူဒါန်းခြင်း၊
(ဆ) ဘုန်းတော်ကြီးကျောင်းများအား လှူဒါန်းခြင်း၊
(ဇ) သဘာပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်ပင်စိုက်ပျိုးခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ဆောင်ခြင်း၊
(ဈ) အောက်ဆီဂျင်လိုအပ်သူများအား အောက်စီဂျင် နှင့် အောက်စီဂျင်အိုးများ လှူဒါန်းခြင်း။
(ည) အခြေခံပညာစာသင်ကျောင်းများအား လိုအပ်သည့် ကျောင်းအသုံးအဆောင်ပစ္စည်းများနှင့် အခြေခံ အဆောက်အဦဆိုင်ရာပြုပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးခြင်း
(ဋ) အမျိုးသားသွေးလှူဘဏ်တွင် Group of Companies ၏ ဝန်ထမ်းများ စုပေါင်း၍ သွေးလှူဒါန်း ပွဲပြုလုပ်ခြင်း
(ဌ) Proven Group of Compaines ဝန်ထမ်းများ၏ သားသမီးများအား ကျောင်းသုံးစာရေး ကိရိယာပစ္စည်းများလှူဒါန်းခြင်း

Proven Group of Companiesအနေဖြင့် ၂၀၂၃- ၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်ဖြင့် အောက်ပါအတိုင်း လူမှုရေးနှင့် ပရဟိတဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

| ပရဟိတလုပ်ငန်းများတွင် လှူဒါန်းမှု | (၂၄)ကျပ်သန်းပေါင်း |
|---|---|
| အကျိုးပြုလူဦးရေ | ၈၀၀ + |
| လူမှုအကျိုးပြုပွဲများတွင် ပါဝင်ဆင်နွှဲမှု အရေအတွက် | ၁၂ + |

## ၄.၃.၅ လူမှုရေး (Social) ဆိုင်ရာ ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင် နှင့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ထားမှု အခြေအနေ


| | |
|---|---|
| **1 NO POVERTY** | ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင်နှင့် ရည်မှန်းချက်များ |
| PROVEN GROUP OF COMPANIES ဝန်ထမ်းများအား နိုင်ငံတော်က သတ်မှတ် ထားသည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်အပေါ် အခြေခံပြီး နှစ်စဉ် ပြောင်းလဲ နေသည့် စားသုံးသူဆိုင်ရာနှုန်းထားနှင့် ကိုက်ညီအောင် လုပ်ခလစာများ ပြင်ဆင် သတ်မှတ် ပေးခြင်း၊ အိုးအိမ် ဝယ်ယူနိုင်ရေး အတိုးမပါသည့် ချေးငွေများ သတ်မှတ် ဆောင်ရွက်ပေး ခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ် (၁) ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ပါသည်။ | ၁.၁<br>၁.၂<br>၁.၄<br>၁.၅ |
| **3 GOOD HEALTH AND WELL-BEING** | ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင်နှင့် ရည်မှန်းချက်များ |
| PROVEN GROUP OF COMPANIES ၏ စက်ရုံများ၊ ကုမ္ပဏီများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများအား သုံးစွဲမှု မရှိစေခြင်း၊ အရက်သောက်သုံးမှု မရှိစေခြင်း၊ GROUP OF COMPANIES ၏ ထုတ်လုပ်မှု လုပ်ငန်းစဉ်သုံး ဓါတု ပစ္စည်းများကြောင့် ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ချက်များဖြင့် ကုလသမဂ္ဂ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ် (၃) ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါသည်။ | ၃.၅<br>၃.၉<br>၃A |
| **6 CLEAN WATER AND SANITATION** | ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင်နှင့် ရည်မှန်းချက်များ |
| PROVEN GROUP OF COMPANIES ၏စက်ရုံများတွင် ပြုလုပ်မှု လုပ်ငန်းစဉ်မှ ထွက်ရှိလာသည့် ရေများအား ရေဆိုးသန့်စင်စနစ်ဖြင့် သန့်ရှင်းအောင်ဆောင်ရွက်ခြင်း၊ လုပ်ငန်းသုံး ဓါတု ပစ္စည်းများကြောင့် ရေ၊လေ၊ထုနှင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ချက်များဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ် (၆) ပါ ရည်မှန်းချက်များနှင့် ကိုက်ညီ အောက် ဆောင်ရွက်ခဲ့ပါသည်။ | ၆.၃ |
| **8 DECENT WORK AND ECONOMIC GROWTH** | ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင်နှင့် ရည်မှန်းချက်များ |
| PROVEN GROUP OF COMPANIES အနေဖြင့် အဓမ္မခိုင်းစေမှုနှင့် ကလေးအလုပ်သမား ခိုင်းစေမှု အား လက်ခံ ကျင့်သုံး မှုမရှိခြင်း၊ GROUP OF COMPANIES ၏ လုပ်ငန်းခွင်များ အား ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်စေရန်၊ သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ(decent work) ဖြစ်စေရေးအစဉ်ဆောင်ရွက်ပေးခြင်း၊ တည်ဆဲဥပဒေပါ အလုပ်သမား အခွင့်အရေးများ ရရှိအောင်ဆောင်ရွက်ပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ် (၈)ပါ ရည်မှန်း ချက်များ နှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ ပါသည်။ | ၈.၅<br>၈.၆<br>၈.၇<br>၈.၈ |

| | |
|---|---|
| 9 INDUSTRIES, INNOVATION AND INFRASTRUCTURE | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့်ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
| PROVEN GROUP OF COMPANIES သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုရှိသည့် လုပ်ငန်းစုတစ်ရပ်ဖြစ်ရန်၊ resource-use efficiency လုပ်ငန်းခွင်များ ဖြစ်နေစေရန် မူဝါဒများ ဆောင်ရွက်ပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ်(၉)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ ပါသည်။ | ၉.၂<br>၉.၄ |
| 10 REDUCED INEQUALITIES | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့်ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
| PROVEN GROUP OF COMPANIES နှစ်စဉ် ပြောင်းလဲ နေသည့် စားသုံးသူဆိုင်ရာနှုန်းထားနှင့် ကိုက်ညီအောင် လုပ်ခလစာများ ပြင်ဆင် သတ်မှတ် ပေးခြင်း၊ ဝင်ငွေရရှိမှုခိုင်မာအောင် ဆောင်ရွက်ပေးခြင်း၊ တပြေးညီလစာတိုးမြှင့်ရရှိစေအောင် ဆောင်ရွက်ပေးခြင်း၊ လူမှုဖူလုံရေးဆိုင်ရာ ထည့်ဝင်ကြေးများပေးသွင်းပေးခြင်းတို့ဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ်(၁၀)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ ပါသည်။ | ၁၀.၁<br>၁၀.၃<br>၁၀.၄ |
| 12 RESPONSIBLE CONSUMPTION AND PRODUCTION | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့်ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
| PROVEN GROUP OF COMPANIES တွင် ပါဝင်သည့် စက်ရုံများ၊ လုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု ISO 14001 ရယူထားပြီး မိမိတို့၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်ကြောင့်လည်းကောင်း၊ အသုံးပြုသည့် ဓါတုပစ္စည်းများကြောင့်လည်းကောင်း သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ထိရောက်ကောင်းမွန်သည့် သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု စနစ်တစ်ရပ်ထူထောင်ထားပြီးဆောင်ရွက်နေခြင်း၊ စွန့်ထွက် ပစ္စည်းများ လျော့ကျအောင် ရည်းမှန်းချမှတ် လုပ်ဆောင်ခြင်း၊ GROUP OF COMPANIES လုပ်ငန်းစဉ်အတွက် ဝယ်ယူမှုများအား သဘာပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် ရင်းမြစ် ဆိုင်ရာထိရောက်မှု ရှိစေရေး လုပ်ဆောင်ပေးနေခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက် ညီသည့် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်အမှတ်(၁၂)ပါရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ ပါသည်။ | ၁၂.၂<br>၁၂.၄<br>၁၂.၅<br>၁၂.၆<br>၁၂.၇ |
| 16 PEACE, JUSTICE AND STRONG INSTITUTIONS | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့်ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
| PROVEN GROUP OF COMPANIES ၏ ဝန်ထမ်းတိုင်းသည် လာဘ်ပေးလာဘ်ယူမှု ကျင့်သုံးမှုမရှိစေရေး Code of Conduct ဖြင့် ထိန်းကျောင်းပေးခြင်း၊ GROUP OF COMPANIES တစ်ခုလုံးအနေဖြင့် ကော်ပိုရိတ်စီမံခန့်ခွဲမှု ကျင့်သုံးပြီး အဆင့်တိုင်းတွင် ပွင့်လင်း မြင်သာမှု ရှိစေရန်နှင့် မည်သည့်ခွဲခြားမှုမျိုးမှမရှိစေရေး လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ စီမံခန့်ခွဲမှု အဆင့်တိုင်းတွင် ဆုံးဖြတ် လုပ်ပိုင်ခွင့်ရှိခြင်း၊ လုပ်ငန်းခွင်များတွင် အလုပ်သမား အဖွဲ့ အစည်းများအား တည်ဆဲ အလုပ်သမားရေးရာ ဥပဒေများနှင့်အညီ ဖွဲ့စည်းပေးထားခြင်းဖြင့် ကုလသမဂ္ဂ ၏ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက် ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင်အမှတ် (၁၆)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ပါသည်။ | ၁၆.၅<br>၁၆.၆<br>၁၆.၇<br>၁၆.၁၀<br>၁၆B |

## ၄.၄ စီမံ အုပ်ချုပ်မှု (Governance)

Proven Group of Companies သည် ကျင့်ဝတ် သိက္ခာနှင့်ညီညွတ်သည့် ကုမ္ပဏီ အစုအဖွဲ့တစ်ခု အဖြစ် အမြဲရပ်တည်နေစေရန် ဆောင်ရွက်နေခြင်းကြောင့် စီမံအုပ်ချုပ်မှုနှင့် စပ်လျဉ်းပြီး ကော်ပိုရိတ် စီမံခန့်ခွဲမှုအား အောက်ပါ အတိုင်း ချမှတ်ကျင့်သုံး ဆောင်ရွက်လျှက်ရှိပါသည်။ ကော်ပိုရိတ် စီမံခန့်ခွဲမှုအား အခန်း (၂)တွင် ဖော်ပြထားပါသည်-

### စီမံအုပ်ချုပ်မှု




Proven Group of Companies အနေဖြင့် ၂၀၂၃ ဧပြီလမှ -၂၀၂၄ ခုနှစ် မတ်လ ဘဏ္ဍာရေးနှစ်အတွက် ကော်ပိုရိတ် စီမံခန့်ခွဲနှင့် စပ်လျဉ်းပြီး အောက်ပါတို့အား ဆောင်ရွက်နိုင်ခဲ့ပါသည်-

(၁) တာဝန်ယူမှုရှိသည့် စီးပွားရေး လုပ်ငန်းစု တစ်ရပ် အဖြစ်အစဉ်ရပ်တည်နိုင်ရေး ထောက်ပံ့ ဖြည့်ဆည်းရေး လမ်းတစ်လျှောက် (Supply Chain) ကျင့်ဝတ် သိက္ခာရှိစွာဆောင်ရွက်နိုင်ရေး ကနဦး ခြေလှမ်း အဖြစ် Supplier Code of Conductကို ပြုစု ထုတ်ပြန်နိုင်ခဲ့ခြင်း၊

(၂) Group CSR ချမှတ်နိုင်ပြီး မူဝါဒရေးရာ ဦးဆောင်ကော်မတီတစ်ရပ်ဖွဲ့စည်းနိုင်ခဲ့က CSR လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ခဲ့ခြင်း၊

## ၄.၄.၁ လုပ်ငန်းခွင်ကျင့်ဝတ် (Code of Conduct)


ဝန်ထမ်းများအပါအဝင် စီမံခန့်ခွဲမှုအဖွဲ့၊ အကြံပေးပုဂ္ဂိုလ်များအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် လုပ်ဆောင်ချက်များ ဖြောင့်မတ်မှန်ကန် နေမှုရှိနေစေရန်လည်းကောင်း၊ Proven Group of Companies က အကောင် အထည်ဖော်ဆောင်ရွက်နေသည့် ကော်ပိုရိတ်စီမံခန့်ခွဲမှု၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်နေစေရန်လည်း လုပ်ငန်းခွင်ကျင့်ဝတ်ပါ အကြောင်း အရာများသည် လမ်းညွှန် ထိန်းကျောင်းပေးသွားမည် ဖြစ်ပါသည်။

လုပ်ငန်းခွင်ကျင့်ဝတ် (Code of Conduct)သည် Proven Group of Companies ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိလျှက် ကျင့်ဝတ်သိက္ခာနှင့် ညီညွတ်သည့် ကုမ္ပဏီအစုအဖွဲ့တစ်ခု အဖြစ် ရပ်တည် နိုင်ရေးနှင့် စပ်လျဉ်း၍ မရှိမဖြစ်လိုအပ်သည့် Professionalism ဆန်မှု၊ ရိုးသားဖြောင့်မတ်မှု၊ စည်းကမ်း လိုက်နာမှု၊ ကျင့်ဝတ်ကောင်းမွန်မှုစသည့် တန်ဖိုးများအပေါ် အခြေပြု ပြဋ္ဌာန်းထား ပါသည်။ (Proven Group of Companies ၏ လုပ်ငန်းခွင်ကျင့်ဝတ်ကို Code of Conduct | Proven Group Of Companies တွင် အသေးစိတ် ကြည့်ရှုနိုင်ပါသည်။)

## ၄.၄.၂ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ စီမံခန့်ခွဲမှု နှင့် ထိန်းချုပ်မှု ဆိုင်ရာ လုပ်ဆောင်မှုများ (Risk Management and Internal Control)

စီးပွားရေး လုပ်ငန်းတစ်ခုအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ရရှိနိုင်စေရန် အတွက် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များကို စဉ်ဆက်မပြတ် သုံးသပ် ဆောင်ရွက်နေကြရန် လိုအပ်လျှက်ရှိပါသည်။ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ၏ စိန်ခေါ်ချက်များနှင့် အခွင့်အလမ်းများကို ဖော်ထုတ်နိုင်မှသာလျှင် ရှောင်လွှဲပြီး ဖြတ်ကျော်နိုင်မည်ဖြစ်ပါသည်။

ထိုကဲ့သို့ ဖော်ထုတ်နိုင်ရန်အတွက် စာရင်းပညာ ကျွမ်းကျင်သူများနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင် သူများ ပါဝင်သည့် စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှု ကော်မတီ(Audit and Risk Management) တစ်ရပ်ကို ဖွဲ့စည်းထားပြီး Proven Group of Companies ၏ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ စီမံခန့်ခွဲမှု နှင့် ထိန်းချုပ်မှု ဆိုင်ရာ လုပ်ဆောင်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



## ၄.၄.၂ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ စီမံခန့်ခွဲမှု နှင့် ထိန်းချုပ်မှု ဆိုင်ရာ လုပ်ဆောင်မှုများ (Risk Management and Internal Control)

အဆိုပါ စာရင်းစစ် နှင့် ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှုကော်မတီသည် ISO31000 (Risk Management)ကို မှီငြမ်းလျှက် အောက်ပါလုပ်ငန်းအဆင့်ဆင့်ကို ဖော်ထုတ်ဆောင်ရွက်ခဲ့ကြပါသည်-

- ဖြစ်ပေါ်လာမည့် ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များကို စီစစ်ဖော်ထုတ်ခြင်း ဥပမာအားဖြင့် စက်ရုံအတွက် ကုန်ကြမ်း ရရှိနိုင်မှု အနေအထားကို စဉ်ဆက်မပြတ် ဆန်းစစ်ပြီး ကြိုတင်၍ စုဆောင်းထားရှိရန် လိုအပ်ပါက ကြိုတင်စုဆောင်းထားခြင်းဖြင့် ငွေကြေးဖောင်းပွမှု အန္တရာယ်ကို လျှော့ကျစေခြင်း (Identification)၊
- အဆိုပါ ကုန်ကြမ်းပြတ်လတ်မည့် အန္တရာယ်၏ အကျိုးသက်ရောက်မှု အနေအထား၏ ဆိုးကျိုးကွင်းဆက်များ နှင့် ဖြေရှင်းနိုင်မည့် အခွင့်အလမ်းများကို စီစစ်ဝေဖန်ပြီး အဆင့်ဆင့်လိုက် အဖြေရှာထုတ်ခြင်း (Assessment)၊
- အလားတူ ကုန်ချောရောင်းချရာတွင် ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုအနေအထားတွင် ပုံမှန် ရပ်တည်နိုင်ရေးအတွက် ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်ဈေးကွက် ဝေစုအပိုင်းတွင် အမြဲစောင့်ကြပ်ကြည့်ရှုခြင်း၊ ဈေးနှုန်းအတက်များတွင် အထူးသတိပြုဆောင်ရွက်ခြင်း (Response)၊
- အန္တရာယ် ဖြစ်စဉ်များနှင့် ဖြေရှင်းရမည့် နည်းလမ်းများသည် ကျိုးကြောင်း ဆီလျော်မှုရှိစွာ အန္တရာယ် လျော့ချနိုင်သည်/ မလျော့ချနိုင်သည်ကို ဆန်းစစ်ခြင်း၊ သုံးသပ်ခြင်း၊ အဖြေထုတ်ပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခြင်း (Monitor and Review)

### ၄.၄.၂.၁ Corporate Risk Management (CRM)

Corporate Risk Management (CRM) စနစ်တွင် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ကုမ္ပဏီအသီးသီးမှ ဒါရိုက်တာအဖွဲ့ (Board of Directors)က ပင်မ တာဝန်ယူဆောင်ရွက်ပါသည်။ သက်ဆိုင်ရာ ကုမ္ပဏီအသီးသီးတွင် မန်နေဂျာများဖြင့် ဖွဲ့စည်းထားသည့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား ဖော်ထုတ်ခြင်းအဖွဲ့ (Risk Anticipation Team)များသည် လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ Proven Group of Companies ကချမှတ်သည့် မူဝါဒများ၊ လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ပေါ်ပေါက်နိုင်သည့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား ခန့်မှန်းဖော်ထုတ်ခြင်း၊ ခွဲခြမ်းဆန်းစစ်ခြင်း၊ အကဲဖြတ်စိစစ်ခြင်း၊ ထိန်းချုပ်ရေးဆိုင်ရာနည်းလမ်းများ တည်ဆဲမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများဖြင့် ဖြေရှင်းနိုင်မှုရှိမရှိ စစ်ဆေးပါသည်။ အတွင်းစာရင်းစစ်ဌာန (Internal Audit) နှင့် ညှိနှိုင်းမှုပြုလုပ်ပြီး လိုအပ်ပါက ဆောင်ရွက်မည့်နည်းလမ်း၊ မူဝါဒရေးရာ အဆိုပြုချက်များအား သက်ဆိုင်ရာ အုပ်ချုပ်မှုဒါရိုက်တာထံ တင်ပြကြပါသည်။

သက်ဆိုင်ရာ အုပ်ချုပ်မှုဒါရိုက်တာက လိုအပ်သည့် ထိန်းညှိမှုများ ပြုလုပ်၍ စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များအား စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြပြီး ကော်မတီက ကာကွယ်မည့်နည်းလမ်းများ အဆိုပြုက ဒါရိုက်တာအဖွဲ့က သုံးသပ်ချက်များပြုလုပ်ပြီး အကောင်ထည်ဖော် ဆောင်ရွက်ပါသည်။

## ၄.၄.၂.၁ Corporate Risk Management (CRM)

၂၀၂၃-၂၀၂၄ ခုဘဏ္ဍာရေးနှစ်အတွင်း အောက်ပါဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား ကြုံတွေ့နိုင်ကြောင်း စိစစ်ဖော်ထုတ်ရရှိထားပြီး အန္တရာယ်များအား ထိန်းချုပ်ကာကွယ်ခြင်းမည့် နည်းလမ်းများအား ရှာကြံခဲ့ပါသည်။

(က) Supply Chain Risk (ကုန်ကြမ်း သွင်းအားစု အန္တရာယ်)

အဓိက ကုန်ကြမ်းသွင်းအားစုမှာ ခဲ၊ အက်ဆစ်နှင့် ဘူးခွံတို့ဖြစ်ပါသည်။ ပြည်ပမှ တင်သွင်းသော ကုန်ကြမ်းခဲများနှင့် ပတ်သက်၍ သွင်းကုန်မူဝါဒများ နှင့် ငွေပေးချေမှုဆိုင်ရာ ပေါ်လစီ အပြောင်းအလဲပေါ်မူတည်၍ ဆောင်ရွက်ကြရာတွင် သွင်းကုန် ပြတ်လတ်မှု မရှိစေရန်အတွက် အစဉ်တစိုက် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အန္တရာယ်ကို လျော့ချနိုင်ခဲ့ပါသည်။

(ခ) Market Risk (ဈေးကွက် ယှဉ်ပြိုင်မှု အန္တရာယ်)

ဈေးကွက် ယှဉ်ပြိုင်မှုတွင် ပြည်ပမှ ဝင်ရောက်လာသည့် ဘက်ထရီများနှင့် ယှဉ်ပြိုင် ရောင်းချနိုင်ရန်အတွက် ဈေးကွက် ရောင်းလိုအား လေ့လာမှု၊ ထုတ်ကုန် အရည်အသွေး တည်တံ့မှု၊ ဝန်ဆောင်မှုကောင်းကောင်း ပေးနိုင်မှုစသည့် စိန်ခေါ်မှုအန္တရာယ်များ ရှိပါသည်။ အဆိုပါ စိန်ခေါ်မှုများကို သက်ဆိုင်ရာကုမ္ပဏီအသီးသီးတွင် မန်နေဂျာများဖြင့် ဖွဲ့စည်းထားသည့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များဖော်ထုတ်ခြင်း အဖွဲ့ (Risk Management Team)များက စဉ်ဆက်မပြတ် စစ်တမ်း ကောက်ယူ၍ အထက်အဆင့်ဆင့် တင်ပြဆောင်ရွက်သည့် နည်းလမ်းဖြင့် အန္တရာယ်ကို လျော့ချနိုင်ခဲ့ပါသည်။

(ဂ) Logistic Risk (သယ်ယူပို့ဆောင် လုပ်ငန်း အန္တရာယ်များ)

ဒေသတွင်း ဖြစ်ပွားရာတွင် အကြောင်းအမျိုးမျိုးကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများဖြစ်ပေါ်လာသည့်အခါ ရောင်းကုန်များ ပြတ်လတ်မှုအန္တရာယ် ကြုံတွေ့နိုင်ပါသည်။ ထို့ကြောင့် ကြိုတင်၍ ကုန်ချောများ ပိုမို ပို့ပေးထားခြင်း၊ နီးစပ်ရာ မြို့များတွင် ဆိုင်ခွဲများနှင့် ဝန်ဆောင်မှုစင်တာများ ဖွင့်လှစ်ပေးထားခြင်းအားဖြင့် အဆိုပါပေးပို့မှု အန္တရာယ်ကို လျော့ချနိုင်ခဲ့ပါသည်။ ရုံးချုပ်နှင့် ဆိုင်ခွဲအသီးသီးတို့သည် အဆိုပါ လမ်းပန်း ခရီးအခက်အခဲကို အခါအားလျော်စွာ တင်ပြ ညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းအန္တရာယ်များအား လျော့ချနိုင်ခဲ့ပါသည်။

(ဃ) Currency Exchange Risk (နိုင်ငံခြား ငွေကြေး လဲလှယ်မှု အန္တရာယ်များ)

ပြည်ပသွင်းကုန်နှင့် ပြည်ပပို့ကုန်များအတွက် နိုင်ငံခြားငွေ အသုံးပြုကြရာတွင် ဗဟိုဘဏ်၏ ငွေကြေးပေါ်လစီမူဝါဒများနှင့်အညီ လိုက်နာဆောင်ရွက် ကြရပါသည်။ ထို့ကြောင့် မူဝါဒ ပြောင်းလဲချိန်တွင် မိမိလက်ဝယ်ရှိ ငွေများကို အဆိုပါ မူဝါဒနှင့်အညီ အသုံးပြုခြင်း၊ လက်ဝယ်ထားရှိခြင်းများ ပြုလုပ်ကြရသောကြောင့် လွဲမှားမှု တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန်မှာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိပါသည်။ ဘဏ္ဍာရေးကျွမ်းကျင်သူများနှင့် သက်ဆိုင်ရာ စီမံအုပ်ချုပ်မှု တာဝန်ခံများသည် အဆိုပါ မူဝါဒ အပြောင်းအလဲများအချိန်များတွင် အထူးစဉ်းစား တိုင်ပင်ဆွေးနွေးဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြား ငွေကြေးလဲလှယ်မှု အန္တရာယ်များကို လျော့ချနိုင်ခဲ့ပါသည်။

## ၄.၄.၂.၁ Corporate Risk Management (CRM)

**(c) စီမံအုပ်ချုပ်မှုဆိုင်ရာ အန္တရာယ်များ (Governance Risk)**

ပုဂ္ဂလိက ကုမ္ပဏီအစုအဖွဲ့တစ်ရပ်အနေဖြင့် ကော်ပိုရိတ် စီမံခန့်ခွဲမှုစနစ်အား ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါ ဆုံးရှုံးနိုင်ခြေအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်-

(၁) ဘုတ်အဖွဲ့၏ ပုံမှန် လုပ်ရိုးလုပ်စဉ်ထက် ကျော်လွန်၍ ကော်မတီဖွဲ့စည်းပြီး Internal Control အတွင်း ကြီးကြပ်မှု စနစ်ကောင်းမွန်စေရန် လုပ်ဆောင်မှုအပေါ် စိတ်ဝင်စားမှု နည်းပါးသည့် အန္တရာယ်

(၂) ခေတ်မီ စီမံအုပ်ချုပ်ခန့်ခွဲမှု စံနစ်များ သင်ယူလေ့လာလိုစိတ် နည်းပါးသည့် အန္တရာယ်၊

(၃) အစုရှယ်ယာရှင်များအား နှစ်စဉ် ပြည့်စုံသည့် နှစ်ပတ်လည် အစီရင်ခံစာ ထုတ်ပြန်ပေးလိုမှု မရှိသည့် အန္တရယ်

(၄) ကုန်ကြမ်း တင်သွင်းသူများ/ ကုန်ချော ဝယ်ယူသူများ နှင့် ဆက်သွယ်ရာတွင် လာဘ်ပေး လာဘ်ယူ တားဆီးရေး မူဝါဒနှင့်အညီ ကျင့်သုံးမှုရှိစေရန် ကြိုးပမ်းရေးအတွက် တွန့်ဆုတ်မှု အန္တရာယ်

အထက်ပါ အန္တရာယ်များအား စီမံအုပ်ချုပ်မှုဆိုင်ရာ အကြံပေး ပုဂ္ဂိုလ်များ၊ စီးပွားရေးနှင့် အုပ်ချုပ်မှု အတိုင်ပင်ခံ အဖွဲ့အစည်းများ၏ အကူအညီဖြင့် သင်တန်းများပေးခြင်း၊ ကော်မတီများ ဖွဲ့စည်းခြင်း စသည်တို့ဖြင့် အန္တရာယ်များကို လျော့ချနိုင်ခဲ့ပါသည်။

**(စ ) အခြား ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ-**

(၁) Environment Risk

(၂) Society Risk

(၃) Political Risk

(၄) Energy Risk

**ဤ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များနှင့် ပတ်သက်၍ Audit & Risk Management Committee သည် အခြားသော ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များကို ဆန်းစစ်သည့်နည်းတူ စီမံခန့်ခွဲမှု အဖွဲ့များနှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။**

## ၄.၄.၃ တိုင်ကြားမှု လက်ခံ စိစစ်ဖြေရှင်းရေး ယန္တရား

Proven Group of Companies သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ရရှိလျှက် ကျင့်ဝတ်သိက္ခာနှင့် ညီညွတ်သည့် ကုမ္ပဏီအစုအဖွဲ့ တစ်ခုဖြစ် အမြဲရပ်တည်နိုင်ရေး ထိပ်တန်း စီမံခန့်ခွဲမှု အဖွဲ့က အလေးအနက်အထား ဆောင်ရွက်နေခြင်း၊ ကောင်းမွန်သည့် စီမံခန့်ခွဲမှု၊ ပွင့်လင်းမြင်သာရှိစေမှု တို့အပေါ် ပိုမို အလေးပေး ဆောင်ရွက်သွားလိုခြင်းကြောင့် Group of Companies ဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ လုပ်ငန်းခွင်ကျင့်ဝတ် (Code of Conduct)ကျင့်သုံးမှု နှင့် စပ်လျဉ်း၍သော်လည်းကောင်း တိုင်ကြားခြင်းများလက်ခံစိစစ် ဖြေရှင်းပေးရေး လုပ်ဆောင်ပေးရန် တိုင်ကြားမှုလက်ခံ စိစစ်ဖြေရှင်းရေးဆိုင်ရာ ယန္တရားတစ်ရပ်ကို ဖော်ထုတ် ဆောင်ရွက်လျှက်ရှိပါသည်။ (တိုင်ကြားမှု လက်ခံစိစစ်ဖြေရှင်းရေးဆိုင်ရာ ယန္တရား အကြောင်း အပြည့်အစုံကို WHISTLE BLOWING POLICY AND COMPLAINT MECHANISM | Proven Group of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။)

တိုင်ကြားမှုများနှင့် ဖြေရှင်းဆောင်ရွက်ချက်များကို လစဉ် စိစစ်၍ အမှုဆောင် အရာရှိချုပ်ထံ တိုက်ရိုက် အစီရင်ခံ တင်ပြလျှက် ရှိပါသည်။

Group of Companies ဆိုင်ရာ ဆောင်ရွက်ချက်များ နှင့် လုပ်ငန်းခွင်ကျင့်ဝတ် (Code of Conduct) ကျင့်သုံးမှုဆိုင်ရာ တိုင်ကြားမှုများအား အောက်ဖော်ပြပါ လိပ်စာ၊ Email နှင့် ဖုန်းသို့ ဆက်သွယ် တိုင်ကြားနိုင်ပါသည်-

Compliance and Sustainable Manager
Proven Group of Companies
compliance@proven.com.mm ၊ 09 880 59 23 68
အမှတ် (F/S-14) ၊ ဘုရင့်နောင်လမ်းမကြီး၊ ရွှေစံပယ် ရိပ်မွန်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်နှင့်စပ်လျဉ်းပြီး Proven Group of Companies အနေဖြင့် တည်ဆဲ အလုပ်သမားရေးရာ ဥပဒေပြဌာန်းချက်များပေါ် ဖောက်ဖျက်ခြင်းများ၊ အကျင့်ပျက်ချစားခြင်းဆိုင်ရာ ဖောက်ဖျက် ချက်များ အပါအဝင် ဖောက်ဖျက်မှုများနှင့် စပ်လျဉ်းပြီး တိုင်ကြားခံရမှု မရှိကြောင်း ဖော်ပြအပ်ပါသည်။

## ၄.၄.၄ ဘဏ္ဍာရေး

Proven Group of Companies အနေဖြင့် ၂၀၂၃ ခုနှစ် ဧပြီလမှ -၂၀၂၄ ခုနှစ် မတ်လ ဘဏ္ဍာရေး နှစ်အတွက် အောက်ပါအတိုင်း ရရှိအောင် လုပ်ဆောင်ထားနိုင်ခဲ့ပါသည်-

| ၆၀% ≤ | ၃၆၀၀ + | ၂၅% ≤ | ၁၀% ≤ |
|---|---|---|---|
| Toyo နှင့် Lion အမှတ်တံ ဆိပ်နိုင်ငံတဝှမ်းဖြန့်ဖြူးရောင်းချမှု | Toyo နှင့် Lion အမှတ်တံဆိပ်လက်လီလက်ကားရောင်းချသည့်ဆိုင်အရေအတွက် | Toyo နှင့် Lion အမှတ်တံဆိပ်မော်တော်ကား၊မော်တော်ဆိုင်ကယ်ဘက်ထရီနှင့် မီးထွန်း အိုး ဘက်ထရီ သုံးစွဲ သူများ | စက်ဆီ၊ ချောဆီ ရောင်းချမှုဈေး ကွက် ရရှိမှု |

Proven Group of Companies သည် ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိလျှက် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သည့် ကုမ္ပဏီ အစုအဖွဲ့တစ်ခုအဖြစ် အမြဲရပ်တည်နေစေရန် ဆောင်ရွက်နေခြင်းကြောင့် သင့်တော် မှန်ကန်ပြီး မျှတသည့် မြတ်စွန်းမှုမျိုးကိုသာရယူပြီး ရရှိသည့် မြတ်စွန်းမှုများအား အောက်ပါအတိုင်း စီမံခန့်ခွဲပါသည်-

(က) Proven Group of Companies ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) Proven Group of Companies အနာဂတ် စီးပွားရေးဆိုင်ရာ လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံခြင်း၊

(ဂ) အစုရှယ်ယာရှင်များအား Proven Group of Companies ၏ မူဝါဒနှင့်အညီ အချိုးကျ ခွဲဝေပေးခြင်း၊

(ဃ) Proven Group of Companies အတွင်းရှိ လုပ်ငန်းအသီးသီးမှ ဝန်ထမ်းများအား ဆုကြေးပေးခြင်း၊

Proven Group of Companies အနေဖြင့် ၂၀၂၃ ခုနှစ် ဧပြီလမှ -၂၀၂၄ ခုနှစ် မတ်လ ဘဏ္ဍာရေးနှစ်အတွက် ဝန်ထမ်းများအား နှစ်စဉ်ဆုကြေး (Annual Bonus)အား ၂၈-၄-၂၀၂၄ ရက်နေ့တွင် ပေးအပ်ခဲ့ပါသည်။

## ၄.၄.၅ အကျိုးစီးပွားဆိုင်ရာ သက်ဆိုင်သူများနှင့် ချိတ်ဆက်မှု

Proven Group of Companies ၏ အကျိုးစီးပွား ဆက်နွယ်သူများမှာ အစုရှယ်ယာရှင်များ/ ရင်းနှီးမြှုပ်နှံသူများ၊ သုံးစွဲသူများ၊ ပစ္စည်းတင်သွင်းသူများ၊ ဝန်ထမ်းများ၊ နိုင်ငံတော်အစိုးရနှင့် အာဏာပိုင် အဖွဲ့အစည်းများ၊ အသင်းအဖွဲ့၊ ဒေသခံလူမှုအသိုင်းအဝိုင်းနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ဖြစ်ကြပါသည်။

Proven Group of Companies အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ရရှိနေစေရန် အကျိုးစီးပွားဆက်နွယ်သူများကို အောက်ပါနည်းလမ်းများဖြင့် ထိတွေ့ပြီးရင်းတို့နှင့် ပတ်သက်သည့် ကိစ္စရပ်များကို တုန့်ပြန်ဖြေရှင်း ဆောင်ရွက်ပေးပါသည်-

| အကျိုးစီးပွား ဆက်နွယ်သူများ | ကျွန်ုပ်တို့ဘယ်လို ချိတ်ဆက်ဆောင်ရွက်ကြသလဲ | ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဆောင်တာများ | SDGs |
|---|---|---|---|
| အစုရှယ်ယာရှင်များ/ ရင်းနှီးမြှုပ်နှံသူများ | • အစည်းအဝေးများ<br>• အီးမေးလ်၊ ဖုန်းနှင့် စာ<br>• အင်တာနက်စာမျက်နှာ | • ကနဦးတည်ထောင်သော အစုရှယ်ယာရှင်များနှင့် ကောင်းမွန်သော ဆက်ဆံရေးကို ထိန်းသိမ်းခြင်း၊<br>• ဒါရိုက်တာအဖွဲ့ အစည်းဝေးကျင်းပခြင်း၊<br>• Myanmar Institute of Directors (MIOD) မှ ကျင်းပသည့် သင်တန်းသို့ ဒါရိုက်တာအဖွဲ့ဝင်များ တက်ရောက်ခြင်း၊<br>• နှစ်ပတ်လည်အစီရင်ခံစာ ထုတ် ပြန်ခြင်း။ | ၁၆၊ ၁၇ |
| သုံးစွဲသူများ | • အီးမေးလ်၊ ဖုန်းနှင့်စာ<br>• လူမှုမီဒီယာ<br>• ကုန်စည်ပြပွဲ၊ရင်းနှီးတွေ့ဆုံပွဲများ<br>• အလုပ်ရုံဆွေးနွေးပွဲများ<br>• အင်တာနက်စာမျက်နှာ | • အရည်အသွေးထိန်းချုပ်ခြင်း၊<br>• ဒေသဆိုင်ရာအရောင်းနှင့်ဝန်ဆောင်မှုစင်တာများ ဖွင့်လှစ်ခြင်း၊<br>• Provenအသိအမှတ်ပြု၊ လေ့ကျင့်သင်ကြား ရေး ဝန်ဆောင်မှုစင်တာများ ဖန်တီး ပေးထားခြင်း၊<br>• ပြန်လည်အသုံးပြုရန်အတွက်ဘက်ထရီအိုး ဟောင်းများ ဝယ်ယူခြင်း။ | ၄၊ ၇၊ ၁၀၊ ၁၂ |
| ပစ္စည်းတင်သွင်းသူ များ | • အီးမေးလ်၊ ဖုန်းနှင့် စာ<br>• အစည်းအဝေးများ<br>• ဗီဒီယိုဖြင့်ပြုလုပ်သော အစည်း အဝေးများ | • ကုန်ပစ္စည်း/ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် ပို့ပိုးမှု<br>• မြန်ဆန်သောငွေပေးချေမှုများပြုလုပ်ခြင်းနှင့် တိုင်တန်းမှု များအား ယဉ်ကျေးစွာ ဖြေရှင်းပေးခြင်း၊<br>• မူဝါဒနှင့် ကျင့်ဝတ်စည်းကမ်းများအား မျှဝေခြင်း၊<br>• ပစ္စည်းတင်သွင်းသူများ၏ ဖွံ့ဖြိုးရေးအစီအစဉ်များ လုပ်ဆောင်ပေးခြင်း။ | ၁၊ ၈၊ ၉၊ ၁၀၊ ၁၆ |
| ဝန်ထမ်းများ | • နှစ်စဉ် စွမ်းဆောင် ရည် ပြန်လည် သုံးသပ်ချက်များ<br>• ရုံးတွင်းအင်ထရာအင်တာနက်၊ အီးမေးလ်နှင့် ဖုန်း<br>• အသိပေးတိုင်ကြားခြင်း<br>• သင်တန်း၊ အလုပ်ခွင် လေ့ကျင့်ရေး<br>• အစည်းအဝေးများ<br>• ဝန်းထမ်းများ၏ စစ်တမ်းများ<br>• ဆွေးနွေးပွဲများ<br>• ကျင့်ဝတ်စည်းမျဉ်း<br>• ဝန်ထမ်းထု တွေ့ဆုံပွဲ၊ ဝန်ထမ်း ဆုချီးမြှင့်ခြင်းနှင့် မိတ်ဆုံ စားပွဲ၊<br>• သက်ဆိုင်ရာ လူ့စွမ်းအား ရင်းမြစ် ဌာနနှင့် ဝန်ထမ်းများ လိုအပ်သလို တွေ့ဆုံခြင်း | • ကောင်းမွန်မျှတသော လစာပေးခြင်း၊ ကျွမ်းကျင်မှု သင် တန်းများ ထောက်ပံ့ပေးခြင်း၊ သက်ဆိုင်ရာ အရင်း အမြစ် များ ထောက်ပံ့ပေးခြင်း၊ လုံခြုံမှုရှိသော လုပ်ငန်း ခွင် ဖြစ်စေခြင်း၊ သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲမှုနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာမှုသင်တန်းများပြုလုပ်ပေးခြင်းနှင့် နာမကျန်း မှု အတွက် ထောက်ပံ့ငွေပေးခြင်း၊<br>• ဝန်ထမ်းငှားရမ်းခြင်း၊ သင်တန်းပေးခြင်းနှင့် ရာထူး တိုးမြှင့် ခြင်းများအတွက် ကျား၊မ၊ လူမျိုးနှင့် ကိုးကွယ်သည့် ဘာသာ ခွဲခြားမှုမရှိဘဲ တန်းတူအခွင့် အရေး ရစေခြင်း၊<br>• ထုတ်လုပ်မှုလုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းများအား ဆေးစစ်ခြင်း ပြုလုပ်ပေးခြင်း၊<br>• ဝန်ထမ်းအားလုံးအတွက် ထောက်ပံ့ရေးလုပ်ငန်းများ စီမံပေးခြင်း။ | ၁၊ ၂၊ ၃၊ ၄၊ ၆၊ ၈၊ ၁၃<br>၃၊ ၅၊ ၊ ၈၊ ၁၀ |
| အစိုးရနှင့် အာဏာပိုင် အဖွဲ့အစည်းများ | • အီးမေးလ်၊ ဖုန်း နှင့် စာ<br>• ပြဋ္ဌာန်းချက်များ၊ စည်းမျဉ်းများ အတိုင်းလိုက်နာခြင်း<br>• အစည်းအဝေးများ တက် ရောက်ခြင်း၊<br>• စုံစမ်း ထိတွေ့ ဆက်ဆံခြင်း | • သတ်မှတ် အခွန်အခများ ပေးဆောင်ခြင်း၊<br>• လိုင်စင် သက်တမ်းတိုးခြင်း၊<br>• စည်းမျဉ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း။ | ၁၀၊ ၁၆ |

## ၄.၄.၆ စီမံ အုပ်ချုပ်မှု (Governance) ဆိုင်ရာ ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင် နှင့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ထားမှု အခြေအနေ

| 8 DECENT WORK AND ECONOMIC GROWTH | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES အနေဖြင့် အဓမ္မခိုင်းစေမှုနှင့် ကလေးအလုပ်သမား ခိုင်း စေမှု အား လက်ခံ ကျင့်သုံး မှုမရှိခြင်း၊ GROUP OF COMPANIES ၏ လုပ်ငန်းခွင်များ အား ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်စေရန်၊ သင့်တော်ကောင်းမွန်သည့် အလုပ် အကိုင်များ(decent work) ဖြစ်စေရေး အစဉ်ဆောင်ရွက်ပေးခြင်း၊ တည်ဆဲဥပဒေပါ အလုပ်သမား အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးခြင်း ဖြင့် ကုလသမဂ္ဂ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ် (၈)ပါ ရည်မှန်း ချက်များ နှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ ပါသည်။ | ၈.၅<br>၈.၆<br>၈.၇<br>၈.၈ |

| 9 INDUSTRIES, INNOVATION AND INFRASTRUCTURE | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုရှိသည့် လုပ်ငန်းစုတစ်ရပ်ဖြစ်ရန်၊ resource-use efficiency လုပ်ငန်းခွင်များ ဖြစ်နေစေရန် မူဝါဒများ ဆောင်ရွက်ပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ်(၉)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီ အောင် ဆောင်ရွက်ခဲ့ ပါသည်။ | ၉.၂<br>၉.၄ |

| 11 SUSTAINABLE CITIES AND COMMUNITIES | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES နှစ်စဉ် ပြောင်းလဲ နေသည့် စားသုံးသူဆိုင်ရာနှုန်းထားနှင့် ကိုက်ညီအောင် လုပ်ခလစာများအား ပြင်ဆင်သတ်မှတ် ပေးခြင်း၊ ဝင်ငွေရရှိမှုခိုင်မာအောင် ဆောင်ရွက်ပေးခြင်း၊ ဝန်ထမ်းများအနေဖြင့် ဘေးကင်းလုံခြုံပြီး ကျန်းမာသန့်ရှင်းစွာ နေထိုင် သည့် နှုန်းထားသင့်တော်သော အိုးအိမ် ဝယ်ယူနိုင်ရေး အတိုးမပါသည့် ချေးငွေများ သတ်မှတ် ဆောင်ရွက်ပေးခြင်း၊ အခြားအကြောင်းများကြောင့် ဖြစ်ပေါ်သည့် ငွေကြေးပိုင်း ဆိုင်ရာ အကြပ် အတည်းများကို အတိုးမဲ့လစဉ်အရစ်အကျဖြင့်ပေးဆပ်နိုင်သည့် ချေးငွေများ ရယူနိုင်စေရန် ဆောင်ရွက်ထားပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ်(၁၁)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ ပါသည်။ | ၁၁.၁<br>၁၁.၅ |

| 12 RESPONSIBLE CONSUMPTION AND PRODUCTION | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES တွင် ပါဝင်သည့် စက်ရုံများ၊ လုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု ISO 14001 ရယူထားပြီး မိမိတို့၏ ထုတ်လုပ်မှု လုပ်ငန်းစဉ်ကြောင့်လည်းကောင်း၊ အသုံးပြုသည့် ဓါတုပစ္စည်းများကြောင့်လည်းကောင်း သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ထိရောက်ကောင်းမွန်သည့် သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု စနစ်တစ်ရပ်ထူထောင်ထားပြီးဆောင်ရွက်နေခြင်း၊ စွန့်ထွက် ပစ္စည်းများ လျော့ကျ အောင် ရည်းမှန်းချမှတ် လုပ်ဆောင်ခြင်း၊ GROUP OF COMPANIES လုပ်ငန်းစဉ်အတွက် ဝယ်ယူမှုများအား သဘာပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် ရင်းမြစ် ဆိုင်ရာထိရောက်မှု ရှိ စေရေး လုပ်ဆောင် ပေးနေခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက် ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် အမှတ်(၁၂)ပါရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ ပါသည်။ | ၁၂.၂<br>၁၂.၄<br>၁၂.၅<br>၁၂.၆<br>၁၂.၇ |

## ၄.၄.၆ စီမံ အုပ်ချုပ်မှု (Governance) ဆိုင်ရာ ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင် နှင့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ထားမှု အခြေအနေ

| 16 PEACE, JUSTICE AND STRONG INSTITUTIONS | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES ၏ ဝန်ထမ်းတိုင်းသည် လာဘ်ပေးလာဘ်ယူမှု ကျင့်သုံးမှု မရှိစေရေး Code of Conduct ဖြင့် ထိန်းကျောင်းပေးခြင်း၊ GROUP OF COMPANIES တစ်ခုလုံးအနေဖြင့် ကော်ပိုရိတ်စီမံခန့်ခွဲမှု ကျင့်သုံးပြီး အဆင့်တိုင်းတွင် ပွင့်လင်း မြင်သာမှု ရှိ စေရန်နှင့် မည်သည့်ခွဲခြားမှုမျိုးမှမရှိစေရေး လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ စီမံခန့်ခွဲမှု အဆင့် တိုင်းတွင် ဆုံးဖြတ် လုပ်ပိုင်ခွင့်ရှိခြင်း၊ လုပ်ငန်းခွင်များတွင် အလုပ်သမား အဖွဲ့ အစည်းများ အား တည်ဆဲ အလုပ်သမားရေးရာ ဥပဒေများနှင့်အညီ ဖွဲ့စည်းပေးထားခြင်းဖြင့် ကုလသမဂ္ဂ ၏ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက် ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင်အမှတ် (၁၆)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ပါသည်။ | ၁၆.၅<br>၁၆.၆<br>၁၆.၇<br>၁၆.၁၀<br>၁၆B |

| 17 PARTNERSHIPS FOR THE GOALS | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES သည် ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက် ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ရှိသည့် ကျင့်ဝတ်သိက္ခာရှိသည့် GROUP OF COMPANIES တစ်ရပ် အဖြစ် ရပ်တည် နေအောင် စဉ်ဆက်မပြတ်အားထုတ်ဆောင်ရွက်နေခြင်း၊ အဆိုပါ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက် ညီသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်းပြီး Complinace and Sustainability Officer တစ်ဦးခန့်ထားကာ ဆောင်ရွက်နေခြင်းတို့ဖြင့် ကုလသမဂ္ဂ၏ ရေရှည် တည် တံ့ခိုင်မြဲပြီး ဟန်ချက် ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင် အမှတ်(၁၂)ပါ ရည်မှန်း ချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ ပါသည်။ | ၁၇.၅<br>၁၇.၆<br>၁၇.၇<br>၁၇.၁၀<br>၁၇B |

# အခန်း(၅)
# ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ



# ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

၂၀၂၄ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဒါရိုက်တာအဖွဲ့၏ တင်ပြချက်ကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့် အညီ နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (International Financial Reporting Standards) နှင့်အညီ ပြုစုထားပါသည်။

(က) ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှု

ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များအား စီမံခန့်ခွဲမှု ရှင်းလင်းချက်ကို စာမျက်နှာ (၅၆) တွင် ပြည့်စုံစွာ ဖော်ပြထားပါသည်။

(ခ) အစုရှယ်ယာအမြတ်ခွဲဝေခြင်း

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစု ခွဲဝေခြင်းအား ဒါရိုက်တာအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ဂ) သိသာထင်ရှားသော လုပ်ငန်းပိုင်းဆိုင်ရာ အပြောင်းအလဲများ

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် Solar Energy နှင့် ပတ်သက်သည့် စက်ပစ္စည်းများ ရောင်းဝယ်ဖြန့်ဖြူးရေးလုပ်ငန်း၊ Proven Technology Industry Co., Ltd. တွင် Plant 3 အသစ်တည်ဆောက်ရေးလုပ်ငန်း၊ Proven Distribution Co., Ltd. ကို ရုံးခွဲ သီးခြားခွဲ ထုတ်ခြင်း၊ Proven Group Of Companies Limited တွင် မြေနှင့်အဆောက်အဦးများ တိုးချဲ့ခြင်းနှင့် ၎င်းလက်အောက်ရှိ ညီနောင် ကုမ္ပဏီများတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ အသစ်များ ပြုလုပ်ပြီး လုပ်ငန်းတိုးချဲ့ခြင်းများ လုပ်ကိုင်ခဲ့ပါသည်။

(ဃ) ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်ပြီး နောက်ပိုင်း ကာလ

ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်ပြီး နောက်ပိုင်းကာလတွင် အရေးပါသော ပြောင်းလဲမှုများ မရှိကြောင်း တင်ပြအပ်ပါသည်။

(င) ပြင်ပစာရင်းစစ်

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်အဖြစ် Proven Group Of Companies၊ Proven Distribution Co., Ltd.၊ Proven Polyworld Co., Ltd.၊ Proven International Co., Ltd. နှင့် Yangon Metal Industry Co., Ltd. တို့အတွက် MNA Audit Frim ကို လည်းကောင်း Proven Technology Industry Co., Ltd. အတွက် AKO Audit Firm ကို လည်းကောင်း ခန့်အပ်နိုင်ရန် ဒါရိုက်တာအဖွဲ့က နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များ၏ ဆုံးဖြတ်ချက်ကို ရယူသွားမည် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့ကိုယ်စား

သန်းထိုက်လွင်
အမှုဆောင် အရာရှိချုပ်

PROVEN
GROUP OF COMPANIES

info@proven.com.mm

www.proven.com.mm

Corporate Contact No. (+95) 9 880 876 920
Office No. (+95-1) 7 531 030 , 7 531 041 , 7 527 667

No. F/S-14, Shwe Sabai Yeik Mon, Bayintnaung Road,
Kamaryut Tsp, Yangon, Myanmar.